# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၄၁)


## သိင်္ဂါလောဝါဒသုတ္တန်လာ ခင်ပွန်းယောကျ်ား ကျင့်ဝတ်(၅)ပါး

မြတ်စွာဘုရားရှင်သည် လောကီရေးကို အခြေခံ၍ လောကုတ္တရာရေးကိုပါ ရှင်သန်ကြီးကုတ် အားထုတ်နိုင်ရန်အတွက် လောက၏ အရေးအရာများကိုပင် ဓမ္မနှင့်ယှဉ်၍ ဟောကြားတော်မူခဲ့သည်မှာ သိင်္ဂါလောဝါဒသုတ်၌ လောကီလူသားသူတော်ကောင်း ခင်ပွန်းယောကျ်ား၏ ဇနီးသားမယားအပေါ်တွင် ထားရှိရမည့် တာဝန်ဝတ္တရားများကို ကျင့်ဝတ်(၅)ပါးအဖြစ် ဟောကြားတော်မူခဲ့ပါသည်–

- အိမ်ထောင်ဖက် ခင်ပွန်းသည်တို့သည် မိမိတို့ ဇနီးသားမယားအပေါ်တွင် မထီမဲ့မြင် နိုင်ထက်စီးနင်း မပြုလုပ်ရာ၊
- အမျိုးသားခင်ပွန်းယောကျ်ားသည် မိမိတို့ရှာဖွေရရှိသော ဥစ္စာပစ္စည်းများကိုလည်း ဘဏ္ဍာစိုးအဖြစ် ဇနီးသားမယားထံ အပ်နှံကြရမည်၊
- အမျိုးသားခင်ပွန်းယောကျ်ားသည် မိမိဇနီးသားမယားအပေါ်တွင် အမြဲတမ်းသစ္စာထား၍ အခြားသော အမျိုးသမီးများအား တိမ်းညွတ်ယစ်မူး ပျော်ပါးခြင်း မပြုလုပ်ရာ၊
- အမျိုးသားခင်ပွန်းယောကျ်ားသည် မိမိဇနီး သားမယားအား သင့်တင့်လျောက်ပတ်သော ရတနာပစ္စည်း အဝတ်အစားများကို ဆင်မြန်းချီးမြှင့်ပေးရမည်၊
- အမျိုးသားခင်ပွန်းယောကျ်ားသည် မိမိဇနီး သားမယား ကြင်သူသက်ထားအပေါ်တွင် အမြတ်တနိုး ကြင်နာသမှု ပြုစုယုယကြရမည်

ဟု လင်သားတို့၏ ပြုကျင့်အပ်သော ဝတ္တရား(၅)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

*စာမျက်နှာ ၆ ကော်လံ ၃* ●



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



# အစိုးရအနေဖြင့် နိုင်ငံသားတိုင်းအခြေခံပညာသင်ယူမှုအခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေး နိုင်ငံတကာနှင့်တစ်ပြေးညီ ပညာရပ်အမျိုးမျိုးရွေးချယ်သင်ယူနိုင်ရေးဆောင်ရွက်နိုင်ခဲ့ ပညာသင်ယူမှုလုပ်ငန်းများ စာသင်ခန်းအတွင်း၌ ကန့်သတ်တုပ်နှောင်မနေတော့ဘဲ စာသင်ခန်းပြင်ပ၌ပါ လေ့လာသင်ယူနိုင်သည့်အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာခဲ့

## စဉ်ဆက်ပညာရေးအစီအစဉ်ကြောင့် သက်ကြီးစာတတ်မြောက်မှုတိုးတက်မြင့်မားလာ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၀၆ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

9-9 (01) 1 9/9/06, 1:33 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

# ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက် မြန်မာ့မီးရထားက ဖြည့်ဆည်းဆောင်ရွက်ပေးမည်

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူမြန်ဆန်ချောမွေ့လာရေး၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံရာမှ ချစ်ခင်ရင်းနှီးမှု တိုးတက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ ဗဟိုချက်မ နေပြည်တော်နှင့် နိုင်ငံအနှံ့ဒေသများသို့ ရထားလမ်းဆက်သွယ်မှုများကို တိုးချဲ့ဆောင်ရွက်နေသည့်နည်းတူ ရန်ကုန်နှင့် မန္တလေး စီးပွားရေးအချက်အချာဒေသနှစ်ခုကြား ခရီးသည်နှင့်ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စက်တင်ဘာလ ၄ရက်နေ့မှစ၍ မန္တလေး-ရန်ကုန်နှင့် ရန်ကုန်-မန္တလေး အထူးအမြန်လူစီးရထားများကို ပြေးဆွဲပေးလျက်ရှိသည်။

မန္တလေးမြို့သည် စစ်ကိုင်း-မြစ်ကြီးနား ရထားလမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ ရထားလမ်း၊ မတ္တရာ ရထားလမ်း၊ မြင်းခြံ-ပုဂံ ရထားလမ်း၊ မန္တလေး-နေပြည်တော်-ရန်ကုန် ရထားလမ်းများ ဆုံစည်းရာ ဗဟိုချက်မတစ်ခုဖြစ်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ရထားခရီးသည်အများဆုံး လမ်းပိုင်းနှစ်ခုဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှစ်ခု ဆုံစည်းရာ မြို့လည်းဖြစ်သည်။ ထို့ပြင် မန္တလေးတိုင်းအတွက် လိုအပ်သည့် စားဖိုဆောင် သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ စားသုံးဆန်များ၊ မွန်ပြည်နယ်မှ ဆားများ၊ အသားငါးအများစုကလည်း ရထားနှင့် သယ်ဆောင်ဝင်ရောက်နေသည်။

ရန်ကုန်မြို့သည်လည်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာ မြို့ကြီးဖြစ်၍ မြန်မာနိုင်ငံအောက်ပိုင်းမှ ထွက်ရှိသော ကုန်စည်အများအပြားကို နိုင်ငံအနှံ့သို့ ဖြန့်ဖြူးပို့ဆောင်ပေးနေသည့်နေရာ၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့နှင့် ဆုံစည်းရာ လမ်းပိုင်းနေရာဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကုန်ဈေးနှုန်းထိန်းသိမ်းရေးအတွက် ကုန်အမြန်ရထားနှင့် ကုန်စိမ်းအမြန်ရထားများ ပြေးဆွဲခြင်း စသည်တို့ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့မီးရထားက လက်ရှိ ခရီးသည်ရထား ၂၂၂ စင်း၊ မြို့ပတ်ရထားခရီးစဉ်ပေါင်း ၁၈၅ ခုနှင့် ကုန်ရထား ၂၄ စင်းကို ပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်း ပေးသွားမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးမှူး အထူးကုဆေးရုံကြီး(ဝေဘာဂီ)စုပေါင်းသန့်ရှင်း၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲ၊ အထူးကုဆေးရုံကြီး (ဝေဘာဂီ)သို့ ဆေးပဒေသာပင်လှူဒါန်းပွဲနှင့် ဝေဒနာရှင်များအတွက် ပံ့ပိုးကူညီမှုများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်၁၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၌ ကျင်းပသည်။**

ရှေးဦးစွာ အထူးကုဆေးရုံကြီး (ဝေဘာဂီ) ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်နီလာက ဆေးရုံဆိုင်ရာ အချက်အလက်များနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



**ကြည့်ရှုအားပေး**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က ဆေးရုံရှေ့၌ အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြကာ ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး ကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ဆေးပဒေသာပင် လှူဒါန်းခြင်းနှင့် ဝေဒနာရှင်များအတွက် ပံ့ပိုးကူညီမှုများပေးအပ်ခြင်း အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**အလှူငွေများလှူဒါန်း**

ယင်းနောက် စေတနာရှင်၊ အလှူရှင်များနှင့် အဖွဲ့အစည်းများက ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများ လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၅သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်း **(အပေါ်ယာပုံ)**၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစိုးဝင်းမိသားစု (S.Ever Win မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသန့်ဇင် (တော်ဝင်မော်တော်ယာဉ်ထုတ်လုပ်ရေး)နှင့် ဦးစံလင်း (SSS မော်တော်ယာဉ် ထုတ်လုပ်ရေး)တို့က ငွေကျပ် ၁၅သိန်းစီ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)က ငွေကျပ် ၁၀သိန်း၊ ဦးဝင်းမြင့် (ရွှေနဂါးမင်းကုမ္ပဏီလီမိတက်)၊ ဦးအောင်မြတ် (Mather Trading Co., Ltd.)၊ ဦးဝင်းလွင်-ဒေါ်မြတ်မြတ်မော်(ကျော်သာကုမ္ပဏီ)၊ ဦးကျော်ကျော်လှိုင်-ဒေါ်သဇင်ညွန့် (Smart Technology Service)၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်ခင်ဆွေဦး (မြန်မာရွှေသရဖူဆောက်လုပ်ရေး)၊ ဦးကျော်နိုင်ဦး၊ ဦးဇော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)၊ ဦးကျော်စိန် (အိုလံပစ်ဟိုတယ်နှင့် Jewellery Luck Co., Ltd.)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးနေအောင်စိုး (နေမင်းမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) စက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်သူများ၊ ဦးစိုးတင့် (စိုးလျှပ်စစ်)၊ သီရိသုခမ္မမဏ္ဍိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း၊ အောင်နေလ အဝေးပြေးဂိတ်၊ လှိုင်သာယာစက်မှုဇုန်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးမြတ်သင်းအောင်-သီရိသုခမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (အောင် အင်တာပရိုက်စ်)၊ ဒေါ်မြသိန်းနှင့်သားများ၊ ဦးကျော်စိုးဝင်း (K.S.W မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသိန်းလှ (မြင်းနီထုတ်လုပ်ရေး လုပ်ငန်းစု)နှင့် ဦးစိန်လွင် (နေပြည်တော် မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ်သုံးသိန်းစီ အပါအဝင် စေတနာရှင်၊ အလှူရှင်များ၊ စက်မှုဇုန်များက ငွေကျပ်သိန်း၂၀၀ကျော်နှင့် လူနာများအတွက် သစ်သီးများ၊ PEP အာဟာရ နို့မှုန့်များကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

**ကျေးဇူးတင်စကား**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၅၀ကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၉-၉-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဆရာတော် ဦးဃောသိတ တရားတော် |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **"ချစ်လိုက်တော့ဝမ်းတူးသရီး"** (ကျော်သူ၊ ရန်အောင်၊ ဝေဠုကျော်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ စိုးမြတ်နန္ဒာ) |
| ၁၃း၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၄း၃၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၃၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၀။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆း၄၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၄) |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -နွားသားမစားရေး မေတ္တာစာ |
| | ၁၆။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၇။ | English Premier League ဘောလုံးပွဲ Manchester United Vs Tottenham Hospur |

## နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် စက်တင်ဘာလအတွက်**

**(၁၀-၉-၂၀၀၆)ရက်နေ့**

**နှင့်**

**(၂၄-၉-၂၀၀၆) ရက်နေ့**

# နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ (၁)



**တည်ငြိမ်အေးချမ်းမှု၏ အနှစ်သာရအဖြစ် နယ်စပ်ဒေသ ပန်ဆန်း(ခ)ပန်ခမ်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုပသာဒကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

**ဦးခေ**

မြန်မာ့သမိုင်းသည် အခြေအမြစ်ခိုင်မာပြီး ရှည်လျားလှသောသမိုင်းကြောင်းဖြစ်သည်။ မြန်မာ့သမိုင်း၌ ခေတ်အလိုက် ပေါ်ပေါက်ခဲ့သော သမိုင်းဝင်သည့် ဖြစ်စဉ်ဖြစ်ရပ်တိုင်းကို ပြည့်ပြည့်စုံစုံ မှတ်တမ်းမပြုနိုင်ခဲ့သဖြင့် အချို့သောဖြစ်ရပ်များသည် ဒဏ္ဍာရီပုံပြင်မျိုးအဖြစ်သာ ကျန်ရစ်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်၍ တိုင်းကျိုးပြည်ပြုကိစ္စများနှင့် စပ်လျဉ်းပြီး မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံပြုစုကြရန် မကြာခဏ မှာကြားလမ်းညွှန်မှုများ ပြုနေသည်ကို မှတ်သားမိပါသည်။

၁၉၈၈ခုနှစ်မှသည် ယနေ့အထိ နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ထူထောင်ခဲ့သော၊ တည်ဆောက်ထူထောင်ဆဲဖြစ်သော တိုင်းပြုပြည်ပြုကောင်းမှု၊ ကောင်းကျိုးများသည် အရေအတွက်အရ များပြားလှသကဲ့သို့ အကျိုးသက်ရောက်မှုများကိုလည်း လက်ငင်းလက်တွေ့သာမက သားစဉ်မြေးဆက် အနာဂတ်အထိတိုင် ကဏ္ဍအစုံစုံ၌ သက်ဝင်ပြန့်ပွား ရရှိခံစားသွားနိုင်ကြမည် ဖြစ်သည်။

## သမိုင်းပေးတာဝန်

နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးစီးဦးဆောင်သည့် တပ်မတော်အစိုးရသည် တိုင်းပြည်၏ ယိုယွင်းနေသော အခြေအနေအရပ်ရပ်ကို ပြန်လည်ထူထောင်တည်ဆောက်နိုင်ရေးအတွက် သမိုင်း၏ တောင်းဆိုချက်အရ ၁၉၈၈ခုနှစ် စက်တင်ဘာလမှစ၍ ပေါ်ထွက်လာသော သမိုင်းပေးအစိုးရဖြစ်သည်။ သမိုင်းပေးအစိုးရ၏ သမိုင်းပေးတာဝန်ကား ကျယ်ပြန့်များမြောင်ပြီး သိမ်မွေ့နက်နဲလှပေသည်။

တိုင်းပြည်အတွင်း၌ ထိုစဉ်က လတ်တလော ဖြစ်ပေါ်နေသော ဥပဒေမဲ့ဆူပူအကြမ်းဖက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေမှုများ၊ မလုံမခြုံ ကျီးလန့်စာစား အားကိုးအားထားရာ ကင်းမဲ့နေမှုများ စသည့် အန္တရာယ်မျိုးစုံကို ဖယ်ရှား၍ နိုင်ငံသားများ အစစလုံခြုံအေးချမ်း သာယာမွေ့အောင်၊ သွားရေးလာရေးအဆင်ပြေအောင် ထိန်းသိမ်းစောင့်ရှောက် ထူထောင်ပေးခဲ့ရသည်။ တစ်နည်းအားဖြင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ရေ့ပြေးလိုအပ်ချက်မှန်သမျှကို ခိုင်ခိုင်မာမာ တည်ဆောက်ယူရသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ တည်ဆဲနိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် အုပ်ချုပ်ရေးစနစ်တို့ကိုလည်း ပြည်သူလူထု၏လိုအင်ဆန္ဒနှင့်အညီ ပြုပြင်ပြောင်းလဲခဲ့ရသည်။ အထင်အရှားဆိုရလျှင် တစ်ပါတီစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်တို့ကို ဖျက်သိမ်း၍ ပါတီစုံစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို မိမိနိုင်ငံနှင့် လိုက်လျောညီညွတ်စွာ ထူထောင်ဖော်ဆောင်သွားနိုင်ရန် လမ်းခင်းပြင်ဆင်ပေးခဲ့ရသည်။

ခြုံလိုက်လျှင် သမိုင်းပေးအစိုးရအနေဖြင့် လက်ငင်းလုပ်ငန်းတာဝန်များကိုရော၊ တိုင်းပြည်၏ ရေရှည်အကျိုးအတွက် အခြေချဆောင်ရွက်ပေးရမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတာဝန်များကိုပါ ကျယ်ပြန့်စွာ ထမ်းဆောင်ရခြင်းဖြစ်သည်။ ထို့ကြောင့် တပ်မတော်အစိုးရအား တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် အိမ်စောင့်အစိုးရမျိုးအဖြစ် သာမန်သဘော ယူဆထား၍မရဘဲ ခေတ်သစ်စနစ်သစ်တစ်ရပ်ကို အခြေချပြောင်းလဲ တည်ဆောက်နေသည့် အသွင်ကူးပြောင်းရေး အစိုးရမျိုးအဖြစ် ရှုမြင်နားလည်ထားကြရမှာဖြစ်သည်။

ယင်းသို့ တပ်မတော်အစိုးရ၏ သမိုင်းပေးအနေအထားကို မှန်မှန်ကန်ကန်ရှုမြင်နိုင်မှလည်း တပ်မတော်အစိုးရ၏ တိုင်းပြုပြည်ပြု လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် အဓိပ္ပာယ်ပြည့်ဝစွာ နားလည်အကဲခတ်နိုင်မှာ သေချာသည်။

၁၉၈၈ ခုနှစ်မှသည် ယနေ့အထိ တပ်မတော်လျှောက်လှမ်းခဲ့ရသည့် ခရီးစဉ်သည် များမြောင်ထွေပြားသော လုပ်ငန်းတာဝန်များနှင့်အတူ တိုင်းပြည်၌ ငွေကြေး အရင်းအနှီးနှင့် အတတ်ပညာမပြည့်စုံမှုကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ နိုင်ငံရေးပယောဂမျိုးစုံနှင့် အနှောင့်အယှက် အဟန့်အတား မျိုးစုံကိုလည်းကောင်း ရင်ဆိုင်ကျော်လွှားခဲ့ရသော ခရီးကြမ်းဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံခေါင်းဆောင် အပါအဝင် တာဝန်ရှိသူအားလုံးမှာ ရက်တွေ၊ ရက်သတ္တပတ်တွေ၊ လတွေ၊ နှစ်တွေ မည်သို့မည်ပုံ ကုန်ဆုံးသွားသည်ကိုပင် သတိမထားမိနိုင်လောက်သည်အထိ အလုပ်တာဝန်တွေထဲ၌ နစ်မြုပ်လျက်ရှိသည်။ မိမိတို့၏ဘဝကို တိုင်းပြည်အတွက် လုံးဝနှစ်မြှုပ်လိုက်ခြင်းဖြစ်ရာ နေ့စဉ် နေဝင်မိုးချုပ်ရုံသာမက ညပိုင်းအထိ ရုံးမှာပင်ဖြစ်စေ၊ အလုပ်ခရီးမှာပင်ဖြစ်စေ ကုန်ဆုံးခဲ့ကြသည်သာဖြစ်သည်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် စည်းလုံးညီညွတ်ရေး

ရှေးဦးစွာ နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေ စိုးမိုးအောင် ကြိုးပမ်းရသည်မှာလည်း လွယ်ကူသည့် လုပ်ငန်းမဟုတ်ကြောင်း အားလုံး ကိုယ်တွေ့မျက်မြင်ပင် ဖြစ်သည်။ မည်သို့သော ခေတ်ကောင်း၊ စနစ်ကောင်းကို တည်ဆောက်စေချင်ကာမူ အခြေခံအားဖြင့် တိုင်းပြည်၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ခိုင်မြဲနေရန် လိုအပ်သည်။ ယင်းအခြေခံ မခိုင်မာဘဲ အပေါ်ထပ်အဆောက်အအုံကို မည်သို့မျှ တည်ဆောက်၍မရနိုင်သဖြင့် မြို့ကြီးပြကြီးများရော ကျေးလက်ဒေသများပါမကျန် တရားဥပဒေစိုးမိုးမှုအရိပ်၊ အုပ်ချုပ်မှု အရိပ်အောက်၌ လွှမ်းခြုံမိသွားစေရန် ကြိုးပမ်းခဲ့ရသည့် အတိတ်သမိုင်းမှာ မေ့မရကောင်းသည့် သမိုင်းဖြစ်ရပ်မှန် ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန်ယုံကြည် အားကိုးမှုဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့၍သာ ကျော်လွှားနိုင်ခြင်း ဖြစ်သည်။ တကယ်အရေးကြုံလာသည့်အခါ တကယ်သွေးနီးသူ အချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများဖြင့် ရိုင်းပင်း ဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို တကယ်ကျော်လွှားနိုင်သည့် သာဓက ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

**"တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို အေးချမ်းစွာ ဖောက်ချလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ရရှိရေးကို မျိုးချစ်စိတ်ရှိသူတိုင်း၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူတိုင်းက ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားရမှာဖြစ်ကြောင်း"**

နှိုးဆော်တိုက်တွန်းခဲ့သည်ကို ပြန်လည်သတိရမိသည်။ ယင်းလမ်းညွှန်မှုသည် ဆူပွက်မှုအမှောင်တိုက်ကို ချေဖျက်သည့် အလင်းတန်းလည်းဖြစ်သည်။ အလင်းတန်းဆိုသည်မှာ လမ်းမှန်ကို ဖော်ဆောင်နိုင်စွမ်းရှိမြဲဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာရန်မှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိရုံသာမက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကျစ်လျစ်ခိုင်မာမှုရှိရန်လည်း လိုအပ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပြောရုံဟောရုံသာမက လက်တွေ့ကျကျ အလေးထားထူထောင်ရန် အလင်းတန်းက လမ်းမှန်ဖော်ထုတ် ညွှန်ပြပေးခဲ့သည်။

အကြောင်းအမျိုးမျိုးအရ လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများသည် ၁၉၈၉ခုနှစ်မှစ၍ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေစိုးမိုးမှု ဘောင်အတွင်းသို့ သိက္ခာရှိရှိဖြင့် ဝင်ရောက်လာခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၏ ဖြူစင်သော စေတနာနှင့် စိတ်ရှည်နားလည် လက်ခံပေးနိုင်မှုအပေါ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ယုံကြည်လက်ခံ တုံ့ပြန်လာခြင်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသအားလုံးလိုလို ငြိမ်းချမ်းမှုရလာသည်။ မိမိတို့၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအားများ ခိုင်မာတိုးတက်လာစေရန်မှာ စိတ်ဝမ်းကွဲနေ၍ မဖြစ်ဘဲ ဦးထမ်းပဲ့ထမ်းညီညာစွာ စုပေါင်းလုပ်ကိုင် ဆောင်ရွက်ကြရမှာဖြစ်သည်ကို ယုံယုံကြည်ကြည် နားလည်လက်ခံလာခဲ့ကြသည်။

ငြိမ်းချမ်းရေး ရရှိလာသည်နှင့်အမျှ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနတစ်ခု သီးခြားဖွဲ့စည်းပြီး နိုင်ငံခေါင်းဆောင်များကိုယ်တိုင် ဦးစီးဦးဆောင်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ပေးခဲ့သည်။

တိုင်းရင်းသားအချင်းချင်း ပြန်လည်စည်းလုံးညီညွတ်မှု အရှိန်အဟုန်သည် ကချင်၊ ကယား၊ ကရင်၊ ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ကိုးကန့်၊ 'ဝ'၊ မွန်၊ ရခိုင်စသည်ဖြင့် တစ်မျိုးသားလုံးကို လှုပ်ရှားနိုးကြားသွားစေသည်။ တိုင်းရင်းသားညီအစ်ကို အချင်းချင်း အပြန်အလှန်ယုံကြည်နားလည်မှု၊ စာနာမှု၊ ပူးပေါင်းမှုအားမာန်အဟုန်သည် တစ်ခေတ်တစ်ခါဟုပင် ဆိုနိုင်သည်အထိ အံ့ဖွယ်၊ ဝမ်းမြောက်ဖွယ် သမိုင်းဝင်ဖြစ်စဉ်ကြီး ဖြစ်သည်။ နိုင်ငံတော်၏ အင်အားထူထောင်မှု အောင်ပွဲဖြစ်သည်။

**"အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်နှင့် ခေတ်မီတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် အားလုံးဝိုင်းဝန်းတည်ဆောက်ကြမည်ဆိုသည့် စိတ်ရင်း စေတနာအမှန်ဖြင့် တိုင်းရင်းသားအချင်းချင်း ပြန်လည်စည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ်လိုအပ်သည့်အတွက် အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒီတာဝန်ဟာ တပ်မတော်တစ်ခုတည်း၏ တာဝန်သာမကဘဲ တစ်မျိုးသားလုံးက ယနေ့ပြုလုပ်ကြရမည့် သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း"**

ဖြင့် နိုင်ငံတော်က အလင်းတန်း လွှမ်းခြုံပေးခဲ့သည့်အတိုင်း နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုအင်အားသည် ခိုင်ခိုင်မာမာ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

ဤအမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ဖြစ်စဉ်ကြီးနှင့်အတူ မည်သည့်ခေတ်၊ မည်သည့်အစိုးရလက်ထက်တွင်မျှ မဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ဒေသစီမံကိန်းကဲ့သို့ အထူးဖွံ့ဖြိုးရေးစီမံကိန်းကို အဓိပ္ပာယ်ရှိရှိ လက်တွေ့ကျကျ အကောင်အထည် ဖော်ပေးနိုင်လျက်ရှိခြင်းသည်လည်း မြန်မာ့သမိုင်း၌ ထူးခြားသော မှတ်တိုင်သစ်တစ်ခုအဖြစ် အခိုင်အမာ မှတ်တမ်းပြုကြရမှာ ဖြစ်သည်။ ယနေ့အထိ နိုင်ငံတော်က နယ်စပ်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့အတွက် ငွေကြေးပမာဏအားဖြင့် ကျပ်သန်းပေါင်း ၈၄၇၅၀ကျော် ရင်းနှီးသုံးစွဲခဲ့သည်မှာလည်း ဖြူစင်သောစေတနာနှင့် ထက်သန်သည့် သဒ္ဒါတရားများ၏ အကျိုးဆက်ဖြစ်သည်ဟု အထင်အရှားဆိုနိုင်သည်။

တိုင်းပြည်၏ သမိုင်းကြောင်းအလှည့်အပြောင်းအရ မိမိအပေါ် ကျရောက်လာသော သမိုင်းပေးတာဝန်များကို မမှိတ်မသုန် လက်ခံ

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ နိုင်ငံတကာကားပြပွဲတစ်ရပ်၌ ပြသထားသော ရှေးဟောင်း ကာဒီလ်လက် မော်တော်ကားကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရိုမေးနီးယား၌ နျူကလီးယားဓာတ်ပေါင်းဖိုများတည်ဆောက်ရေး တောင်ကိုရီးယားစိတ်ဝင်စားကြောင်း သမ္မတနိုမူဟွန်းပြောကြား

ဘူခါရက် စက်တင်ဘာ ၈

**ရိုမေးနီးယားနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ရေးလုပ်ငန်း၌ တောင်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားရေအားနှင့် နျူကလီးယား စွမ်းအင်လုပ်ငန်းက စိတ်ဝင်စားကြောင်း ရိုမေးနီးယားနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော တောင်ကိုရီးယားသမ္မတ နိုမူဟွန်းက စက်တင်ဘာ ၆ ရက်၌ ပြောကြားလိုက်သည်။**

တောင်ကိုရီးယားသမ္မတနိုမူဟွန်းသည် ရိုမေးနီးယားနိုင်ငံသမ္မတ ထရန်ဘာစီစကူနှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆာနာဗာရှိနျူကလီးယားစက်ရုံစီမံကိန်းသည် တောင်ကိုရီးယားအစိုးရအတွက် စိတ်ဝင်စားစရာ စီမံကိန်းဖြစ်ကြောင်း၊ ထိုစီမံကိန်းမှ အကျိုးကျေးဇူးများကို ရိုမေးနီးယားပြည်သူများ ခံစားရမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ ရိုမေးနီးယားနိုင်ငံ၏ နျူကလီးယား ဓာတ်ပေါင်းဖို တည်ဆောက်ရေးအတွက် အခြားကုမ္ပဏီ ၁၂ခုတို့ကလည်း အဆိုပြုထားရာ တောင်ကိုရီးယားကုမ္ပဏီများကို ရွေးချယ်သွားမည် ဖြစ်ကြောင်း ရိုမေးနီးယားသမ္မတ ဘာစီစကူက ပြောကြားသည်။

**လုပ်ဆောင်**

ရိုမေးနီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံနှင့်အတူ နည်းပညာ၊ သုတေသနနှင့် ကာကွယ်ရေးဆိုင်ရာတို့တွင်လည်း တောင်ကိုရီးယားကုမ္ပဏီများနှင့် အနာဂတ်ကာလ၌ ဆက်လက် လုပ်ဆောင်သွားမည်ဟု ဘာစီစကူက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ယခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းသန်း၄၀၀ တရုတ်နိုင်ငံ ထုတ်လုပ်ရန်မျှော်မှန်း

**ပေကျင်း စက်တင်ဘာ ၈**

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်း သန်း ၄၀၀အထိ ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း၊ ယင်းမှာ ကမ္ဘာ့မိုဘိုင်းလ်ဖုန်း ထုတ်လုပ်မှု၏ ထက်ဝက်ရှိကြောင်း တရုတ်ပြန်ကြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသည် မိုဘိုင်းလ်ဖုန်းသန်း ၂၁၀ ထုတ်လုပ်ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်အလားတူကာလကထက် ၆၄ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ တရုတ်နိုင်ငံ၏ မိုဘိုင်းလ်ဖုန်းတင်ပို့မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ဒသမ ၃ဘီလီယံရှိကြောင်း တရုတ်စီးပွားရေး ပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝမ်ဘင်ကေး၏ ပြောကြားချက်ကို ချိုင်းနားယုသ်ဒေးလီးက စက်တင်ဘာ ၅ရက်က ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံး၊ ၄၆ဦးဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့ မြောက်ပိုင်းတွင် စက်တင်ဘာ ၆ရက်က လမ်းဘေးဗုံးနှင့် ကားဗုံးပေါက်ကွဲမှုများဖြစ်ရာ ရှစ်ဦးသေဆုံးပြီး ၄၆ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ပေါက်ကွဲ**

အီရတ်နိုင်ငံ ကာဟိုင်ရာမြို့အနီးတွင် လူစည်ကားချိန်ဖြစ်သော နံနက် ၇နာရီ ၅၅မိနစ်က လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲပြီး မိနစ်အနည်းငယ်အကြာ၌ ကားဗုံးထပ်မံပေါက်ကွဲခဲ့ကြောင်း၊ ယင်းဖောက်ခွဲမှုသည် အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် နေ့စဉ်လမ်းဘေးဗုံးနှင့်ကားဗုံးပေါက်ကွဲမှုများကြောင့် အီရတ်ပြည်သူ ဒါဇင်ပေါင်းများစွာနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ကမ္ဘာ့ဒုတိယအမြင့်ဆုံး လေဆိပ်ကြီး တိဗက်ဒေသ၌ တည်ဆောက်နေ

**ကန်ဒင်း စက်တင်ဘာ ၈**

ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး လေဆိပ်ကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း တိဗက်ဒေသရှိ ကန်ဒင်းမြို့တွင် စက်တင်ဘာ ၇ရက်က စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ လေဆိပ်သည် ပင်လယ်ရေမျက်နှာပြင်ထက် မီတာ ၄၂၈၀ မြင့်ပြီး မီတာ၄၀၀၀ရှည်သော လေယာဉ်ပြေးလမ်းတစ်ခုပါဝင်ကာ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ခန့် အကုန်အကျခံတည်ဆောက်မည်ဖြစ်သည်။

ထိုလေဆိပ်သည် ဘိုးရင်း ၇၃၇-၇၀၀ ခရီးသည် လေယာဉ်ကြီးများနှင့် အဲဘတ်စ်-၃၁၉ လေယာဉ်များ ဆင်းသက်နိုင်မည်ဖြစ်သည်ဟု လေဆိပ်တည်ဆောက်ရေးလုပ်ငန်း၏ အထွေထွေမန်နေဂျာ ဝူဟီရှန်က ပြောကြားသည်။

**အမ်အမ်အေ၊ ဆင်ဟွာ**

# တောင်အာဖရိက၏ အာကာသနည်းပညာဖွံ့ဖြိုးရေး ရုရှားနိုင်ငံအကူအညီပေးမည်

ကိတ်တောင်း စက်တင်ဘာ ၈

**အာကာသနည်းပညာ အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရုရှားသမ္မတဗလာဒီ မာပူတင်နှင့် တောင်အာဖရိက သမ္မတ သာဘိုအမ်ဘီဘီတို့ စက်တင်ဘာ ၆ ရက်က သဘောတူညီခဲ့ကြကြောင်း တောင်အာဖရိကနိုင်ငံ၏ အာကာသအစီအစဉ်အတွက် အကူအညီပေးရေး အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း တောင်အာဖရိက မီဒီယာများက ဖော်ပြသည်။**

အာကာသသို့ဂြိုဟ်တုများ လွှတ်တင်ရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အာကာသသို့ ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်နိုင်ရေးအတွက် အသေးစားဂြိုဟ်တုများ ဖြည့်ဆည်းပေးရန်လည်း သဘောတူညီခဲ့ကြသည်ဟု တောင်အာဖရိကနိုင်ငံ မီဒီယာများက ဖော်ပြသည်။

**ဆွေးနွေး**

ထိုသို့ အာကာသရေးရာ အစီအစဉ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်များက စက်တင်ဘာ ၅ ရက်၌ ဆွေးနွေးခဲ့ကြသည်။ ထို့အတူ နှစ်နိုင်ငံအဆင့်မြင့် ကိုယ်စားလှယ်များကလည်း ဆွေးနွေးခဲ့ကြသည်။

**ခွင့်ပြုသုံးစွဲ**

တောင်အာဖရိကနိုင်ငံ အနေဖြင့် အာကာသအစီအစဉ်များအတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက တောင်အာဖရိကနိုင်ငံသုံး ငွေ ၂၆သန်းကို ခွင့်ပြုသုံးစွဲစေခဲ့သည်။

တောင်အာဖရိကနိုင်ငံ အာကာသနည်းပညာဆိုင်ရာ အစီအစဉ်တွင် စကင်နာ၊ ဒီဂျစ်တယ်ကင်မရာနည်းပညာ၊ အဏုကြည့်မှန်ပြောင်းနည်းပညာ၊ အခြားအစိတ်အပိုင်းများဆိုင်ရာ အတတ်ပညာများကို ဂြိုဟ်တုတွင် တပ်ဆင်အသုံးပြုနိုင်အောင် ရုရှားက ဖြည့်ဆည်းပေးမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံအရှေ့ပိုင်း ဟိုင်ဖိုင်မြို့ရှိ အင်တာနက်ကဖေးတစ်ခုတွင် အင်တာနက်အသုံးပြုနေသူများအား စက်တင်ဘာ ၆ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်အား အစ္စရေးတို့ ပိတ်ဆို့ထားမှုရုပ်သိမ်း

ဂျေရုဆလင် စက်တင်ဘာ ၈

**အစ္စရေးတပ်များက လက်ဘနွန်နိုင်ငံအား ပိတ်ဆို့ထားခြင်းကို စက်တင်ဘာ ၇ရက် ညနေပိုင်း၌ စတင်ရုပ်သိမ်းပြီဖြစ်ကြောင်း တာဝန်ရှိ သတင်းရပ်ကွက်များက ပြောကြားသည်။**

ထိုနေ့ညနေပိုင်း အစ္စရေးတပ်များ ရုပ်သိမ်းချိန်တွင် နိုင်ငံတကာတပ်များက လက်ဘနွန်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းများနှင့် လေဆိပ်များကို ဝင်ရောက်ထိန်းချုပ်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးမှ ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။

**ရုပ်သိမ်း**

လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီးက ထိုနေ့စောစောပိုင်းက ပြောကြားရာတွင် အစ္စရေးတပ်များ ပိတ်ဆို့ထားခြင်းကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်၏ ညွှန်ကြားချက်အရ ၄၈နာရီ အတွင်း ရုပ်သိမ်းပေးရေး မူဘောင်အရ ရုပ်သိမ်းခြင်း မဟုတ်ဘဲ မိမိတပ်များက အစ္စရေးတို့၏ ပိတ်ဆို့ထားခြင်းကို ဖြိုခွင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသည်။

**ပိတ်ဆို့**

ဇူလိုင် ၁၂ရက်က အစ္စရေးစစ်သားနှစ်ဦးအား ဟစ်ဇ်ဘိုလာပြောက်ကျားများက ပြန်ပေးဆွဲခဲ့ပြီးနောက် အစ္စရေးတို့က ထိုးစစ်ဆင် တိုက်ခိုက်ကာ လက်ဘနွန်အား ပိတ်ဆို့ထားခဲ့သည်။

အစ္စရေးတပ်များနှင့် ဟစ်ဇ်ဘိုလာတို့သည် ကုလသမဂ္ဂဆုံးဖြတ်ချက် ၁၇၀၁အရ အပစ်အခတ်ရပ်စဲခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## သြစတြေးလျအလှမယ်

**ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ကျင်းပသည့် ၂၀၀၆ ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော သြစတြေးလျ အလှမယ်အား စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အာရပ်-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကုလသမဂ္ဂတွင် စက်တင်ဘာ ၂၃ ရက်၌ ကျင်းပမည်

ရီယာ့ဒ် စက်တင်ဘာ ၈

**အာရပ်-အစ္စရေးငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်ဖော်ဆောင်ရေး အာရပ်နိုင်ငံများ၏အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ယခုလကုန်ပိုင်းတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး မင်းသားဆတ်အယ်လ်ဖိုင်ဆယ်က စက်တင်ဘာ ၄ရက်တွင် ပြောကြားလိုက်ပြီး ကမ္ဘာ့အသိုင်းအဝိုင်းအနေဖြင့် ကူညီကြပါရန် တိုက်တွန်းလိုက်သည်။**

လုံခြုံရေးကောင်စီတွင် အာရပ်အဆိုပြုချက်ကို ဆွေးနွေးရန် စက်တင်ဘာ ၂၃ရက်ကို ရက်သတ်မှတ်လိုက်သည်ဟု ပင်လယ်နီဆိပ်ကမ်းမြို့ ဂျက်ဒါ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဖိုင်ဆယ်က ပြောကြားလိုက်သည်။

**မေတ္တာရပ်ခံ**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံဖော်ရန်နှင့် မအောင်မြင်ခဲ့သည့် အာရပ်-အစ္စရေး ပဋိပက္ခအဆုံးသတ်ရေး ကြိုးပမ်းမှုများကို ဆွေးနွေးရန် ၂၂နိုင်ငံပါဝင်သည့် အာရပ်အဖွဲ့ချုပ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တရားဝင် မေတ္တာရပ်ခံခဲ့သည်။

**သတ်မှတ်**

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် စေ့စပ်ဆွေးနွေးပွဲများကို ကြီးကြပ်ပေးပြီး နောက်ဆုံးရက်သတ်မှတ်ပေးရန် အာရပ်အဖွဲ့ချုပ်က ပြောကြားလိုက်သည်။

**အမ်အင်အေ၊ရိုက်တာ**



# ဒဗလျူအိုင်ချ်အို အကြီးအကဲရာထူးနေရာ အရွေးခံမည့်သူများ စာရင်းထုတ်ပြန်

**ဂျီနီဗာ စက်တင်ဘာ ၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိုင်ချ်အို)၏အကြီးအကဲရာထူးအတွက် အရွေးခံမည့်သူ ၁၃ဦး၏ အမည်နှင့် နိုင်ငံများကို ဒဗလျူအိုင်ချ်အိုက စက်တင်ဘာ၆ ရက်၌ စာရင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ပုဂ္ဂိုလ်များမှာ တရုတ်နိုင်ငံ ဟောင်ကောင်ဒေသမှ မာဂရက်ချန်၊ ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဟောင်း ဘားနတ်ကွတ်နာနှင့် မိုဇမ်ဘစ်ဝန်ကြီးချုပ်ဟောင်း ပါစကိုလ်မင်နူလ်မိုကမ်ဘီတို့ အပါအဝင် ဂျပန်၊ ဖင်လန်၊ အိုင်ယာလန်၊ စပိန်၊ ကူဝိတ်၊ မက္ကဆီကို၊ မြန်မာ၊ ဆီးရီးယား၊ အီကွေဒေါနှင့် တူရကီနိုင်ငံတို့မှ ဖြစ်ကြသည်။

**ဖိတ်ခေါ်ထား**

ဒဗလျူအိုင်ချ်အို အကြီးအကဲရာထူးအတွက် ပြီးခဲ့သည့်ဇွန်၁ရက်မှစတင်ကာ စက်တင်ဘာ၅ရက် နောက်ဆုံးထားပြီး ဒဗလျူအိုင်ချ်အိုအဖွဲ့ဝင် ၁၉၂နိုင်ငံတို့အား အမည်စာရင်းပေးရန် ဖိတ်ခေါ်ထားခဲ့သည်။ ဒဗလျူအိုင်ချ်အို အကြီးအကဲရွေးချယ်မှုကို ဂျီနီဗာမြို့တွင် လာမည့်နိုဝင်ဘာလ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ရွေးချယ်ခံရသူသည် ပြီးခဲ့သည့်မေလက သေဆုံးခဲ့သော ဒဗလျူအိုင်ချ်အိုအကြီးအကဲ တောင်ကိုရီးယားနိုင်ငံသား လီဂျောင်ဝုခ်နေရာတွင် အစားထိုး တာဝန်ယူရမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်နိုင်ငံ နီပွန်သံမဏိလုပ်ငန်း တောင်ကိုရီးယားနှင့် ပူးပေါင်းလုပ်ကိုင်မည်

**ရှန်ဟိုင်း စက်တင်ဘာ ၈**

ဂျပန်နိုင်ငံ နီပွန်သံမဏိထုတ်လုပ်ရေးလုပ်ငန်းသည် လောလောဆယ်၌ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် သံမဏိစက်ရုံတစ်ခု ထူထောင်ကာ သံမဏိများ ထုတ်လုပ်လျက်ရှိသည်။**(အပေါ်ပုံ)**

**စိတ်ဝင်စား**

တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ပြုလုပ်ရေးအတွက် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိသည့်အပြင် တောင်ကိုရီးယားနိုင်ငံတွင်လည်း သံမဏိလုပ်ငန်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နီပွန်သံမဏိလုပ်ငန်းက ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မည်**

တောင်ကိုရီးယားနိုင်ငံရှိ ပိုစကိုစီးပွားရေးလုပ်ငန်းနှင့် နီပွန်သံမဏိလုပ်ငန်းတို့ သံမဏိလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**(အင်တာနက်)**

# ကမ္ဘောဒီးယားနိုင်ငံသို့ တောင်ကိုရီးယားလေကြောင်း တိုးချဲ့ပျံသန်းမည်

**ဖနောင်ပင် စက်တင်ဘာ ၈**

တောင်ကိုရီးယားလေကြောင်းလိုင်းက ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ်ဘုရားကျောင်း ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ၂၀၀၆ပြပွဲကို ပါဝင်ဆောင်ရွက်ခြင်းဖြင့် လေကြောင်းခရီးစဉ်များ အရေအတွက် တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံပိုင်သတင်းစာ အေကေပီက စက်တင်ဘာ ၆ရက်၌ ဖော်ပြသည်။

**လက်မှတ်ရေးထိုး**

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားဝန်ကြီးများ ကောင်စီဝန်ကြီး ဆော့အန်နှင့် တောင်ကိုရီးယားလေကြောင်းညွှန်ကြားရေးမှူးချုပ် ဆွန်မန်ဟောင်တို့သည် ခရီးသည်တင်လေကြောင်းပျံသန်းမှု အစီအစဉ်များကို ကမ္ဘောဒီးယားနိုင်ငံသို့ တစ်ပတ်လျှင်လေးကြိမ်ပြေးဆွဲနေရာမှ (၂၈)ကြိမ်အထိ တိုးချဲ့ ပြေးဆွဲရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**ယဉ်ကျေးမှုပြပွဲ**

ကမ္ဘောဒီးယားနိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ ၂၀၀၅ခုနှစ်က နှစ်သိန်းခန့်ရှိခဲ့ပြီး ယခုနှစ် နိုဝင်ဘာမှစ၍ အန်းကောဝပ် ကမ္ဘာ့ယဉ်ကျေးမှု ၂၀၀၆ပြပွဲအစီအစဉ်ကြောင့် ယမန်နှစ်ကထက် ပိုမိုလာရောက်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ ဒုတိယ ဝန်ကြီးချုပ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# လော့စ်အိန်ဂျလိစ်မြို့တွင် အပူလှိုင်း ကျရောက်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၈**

လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် စက်တင်ဘာ ၅ရက်က အပူလှိုင်း ကျရောက်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဌာနမှ သတင်းထုတ်ပြန်သည်။

**သတိပေး**

အပူချိန် အလွန်မြင့်တက်ခဲ့မှုကြောင့် အပူဒဏ်မှ အကာအကွယ်ရသောနေရာများတွင် နေထိုင်ရန်၊ ပေါ့ပါးသော အဝတ်အစားများကို ဝတ်ဆင်ရန်၊ ရေများများသောက်ရန်နှင့် လေဝင်လေထွက်ကောင်းသော နေရာများ၌ နေထိုင်ကြရန် ပြည်သူတို့အား သတိပေးထားကြောင်း ပြည်သူ့ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဂျိုနသန်ဖီလ်ဒင်းက ပြောကြားသည်။

သို့ရာတွင် တောင်ကြားဒေသများတွင် နေထိုင်ကြသူများအတွက် အပူလှိုင်းကျရောက်မှုဒဏ်မှ သက်သာရာရဖွယ်ရှိကြောင်းလည်း ၎င်းကပြောကြားသည်။

**သေဆုံး**

လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်ကျော်အောင် မြင့်တက်ခဲ့သည်။ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၃၁ခုနှစ်က အပူချိန် ၁၁၅ ဒီဂရီဖာရင်ဟိုက်အထိ ရောက်ရှိခဲ့ရာ လူ ၁၆၀ကျော် သေဆုံးခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## ၁၈၄ပေါင်ရှိသော ကျောက်တုံးကိုပစ်ပေါက်နိုင်သူ

**အလေးချိန် ၁၈၄ပေါင်ရှိသော ကျောက်တုံးကြီးကို အဝေးဆုံးရောက်အောင် ပစ်ပေါက်နေသူအား တွေ့ရစဉ်။**(အပေါ်ပုံ)

ဆွစ်ဇာလန်နိုင်ငံ အင်တာလာကင်မြို့တွင် အသက်၃၅နှစ်အရွယ်ရှိ ဆွစ်ဇာလန်နိုင်ငံသားတစ်ဦးက အလေးချိန် ၁၈၄ပေါင်ရှိသော ကျောက်တုံးကြီးတစ်တုံးကို ၁၂ဒသမ ၇၆ပေ အကွာအဝေးရောက်အောင် ပစ်ပေါက်ပြနိုင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

## ဒေါ်လာတစ်သန်းတန် စိန်လက်စွပ်

**ဒေါ်လာတစ်သန်းတန် စိန်လက်စွပ်ကို တွေ့ရစဉ်။**(အောက်ပုံ)

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ လေလံပွဲတစ်ခု၌ ရောင်းချခဲ့သည့် စိန်တစ်ပွင့်တည်းပါရှိသည့်လက်စွပ်မှာ အမေရိကန်ဒေါ်လာခုနစ်သိန်းခန့် ရရှိခဲ့သည်။ ယခုအခါ အဆိုပါ ၂၁ဒသမ ၃၇ကာရက်ရှိသည့် စိန်လက်စွပ်ကို ဒေါ်လာတစ်သန်းဖြင့် ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



**စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

တာဝန်ယူခြင်း၊ ယင်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည့် မှန်ကန်သောလမ်းကြောင်းကို ရွေးချယ်၍ လုပ်ငန်းများကို ပြီးမြောက်အောင်မြင်အောင် အားထုတ်လုပ်ကိုင်ဆောင်ရွက်ခြင်းတို့သည် သမိုင်းပေး အစိုးရ၏ အစဉ်အလာကောင်းများပင် ဖြစ်သည်။

ထိုအစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်သစ်တစ်ရပ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်အတွက် **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး"**ဆိုသည့် အမျိုးသားရည်မှန်းချက်ပန်းတိုင်ကိုလည်းကောင်း၊ တစ်မျိုးသားလုံး ခံယူလိုက်နာရမည့် **"ဒို့တာဝန်အရေးသုံးပါး"**ကို အမျိုးသားရေးမူဝါဒဆိုင်ရာ ယုံကြည်ချက်အဖြစ်လည်းကောင်း အချိန်အခါနှင့်လျော်ညီစွာ ချမှတ်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

အမျိုးသား ရည်မှန်းချက်ပန်းတိုင်သို့ စိတ်တူကိုယ်တူ ယုံကြည်ချက်တူညီစွာ အောင်အောင်မြင်မြင် ချီတက်နိုင်ရန်အတွက်လည်း လက်တွေ့ကျသည့် လမ်းကြောင်းမှန်များကို တစ်ဆက်တည်း ရွေးချယ်လမ်းညွှန် ဖော်ဆောင်ပေးခဲ့သည်။ ဤသို့ဖြင့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့သည် နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ကိုယ်ပိုင်လက်တွေ့လုပ်ငန်းစဉ်များအဖြစ် ခိုင်ခိုင်မာမာ ဝံ့ဝံ့ကြွားကြွားပေါ်ထွက် အကျိုးသက်ရောက်လာခြင်း ဖြစ်သည်။

ဤယုံကြည်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်တို့ကို အမျိုးသားရေး အခြေခံမူဝါဒ အပေါင်းအစုအဖြစ် တစ်မျိုးသားလုံးက ခံယူကျင့်သုံး၍ လက်တွေ့လုပ်ငန်းများကို ပါဝင်ပူးပေါင်းအကောင်အထည်ဖော်နေကြပြီဖြစ်ရာ သမိုင်းပေးအစိုးရ၏ ဆောင်ရွက်ချက်များသည် သဘောတရားပါသော ဆောင်ရွက်ချက်များသာဖြစ်ကြောင်း သမိုင်းက သက်သေပြုလျက်ရှိနေပေသည်။ ။

● **ရှေ့ဖုံးမှ**

အမျိုးသားခင်ပွန်းယောကျ်ားတို့ ပြုလုပ်အပ်သော တာဝန်ဝတ္တရားများကို ကောင်းစွာ မှတ်သားရလွယ်ကူစေရန်အတွက် သင်္ဂဇာ ဆရာတော်ကြီးက အောက်ပါအတိုင်း လင်္ကာဖွဲ့၍ မှတ်တမ်းတင်ခဲ့ပါသည်-

**လင့်ကျင့်ဝတ်(၅)ပါး**

**မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား
ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။**

မိသားစု တစ်ခုတွင် အမျိုးသားတို့သည် အိမ်ထောင် ဦးစီးအခန်းကဏ္ဍမှ တာဝန်ယူကြရသော်လည်း မိမိကရှာဖွေလုပ်ကိုင်ကျွေးမွေးရသည်ဟု မာန်မာနမထားဘဲ ဇနီးသားမယားအပေါ်၌ ကျင့်ဝတ်ငါးဖြာနှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပါမှ အိမ်ထောင်ရေးသာယာသည့် သီရိဂေဟာဖြစ်လာမည့်အပြင် မွေးဖွားလာမည့် သားသမီးရတနာတို့မှာလည်း ဖခင် မိခင်တို့၏ အမူအကျင့်အတိုင်း သူတော်ကောင်းတရားကို သိရှိနားလည်လာကြမည့် ယဉ်ကျေးသိမ်မွေ့သော ကလေးများသာ ဖြစ်လာကြပါလိမ့်မည်။ ဤမိသားစုမျိုးကို သီရိဂေဟာဟု အများက ချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ ။

**(သာသနာရေး)**

**စက်တင်ဘာ ၄ ရက်က ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပရာ ဝါသနာရှင် ပထမတန်း အရေးပြိုင်ပွဲ၌ လမ်းမတော်မြို့နယ်မှ စန္ဒရားတင့်ခိုင်က စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်စဉ်။** (၃၈၇)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဦးကျော်မင်း (နိုင်ငံ့ဂုဏ်ရည် မော်ကွန်းဝင်) အားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပ အမှတ် ၁၀၆၇ ၁၆လမ်း ၁၃ ရပ်ကွက်နေ ဇနီး ဒေါ်ကြည်လှိုင် သားသမီး ကိုအောင်ကျော်မင်း မမိုးစန္ဒာ၊ မြေး မချမ်းမြေ့ကျော်မင်း၊ မောင်ထက်မြက်ကျော်မင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အမှတ် ၇၀၂ သုမန ၄လမ်း ၁၆/၄ ရပ်ကွက်နေ ဦးကျော်လွင်ဦး-ဒေါ်ခင်မူ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်သောပါကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၉-၉-၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ဟင်းရွက်ရေလှောင်တမံ
၈း၁၅ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၁၅)
၁၃း၀၀ ၇။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၁၃း၁၀ ၈။ **"လက်တွေ့ပြချင်လို့"** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ကြည်စိုး)
၁၃း၂၀ ၉။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆိုင်ရာ သိကောင်းစရာ
၁၃း၃၀ ၁၀။ အကပြိုင်ပွဲ
၁၃း၄၅ ၁၁။ ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၁၄း၀၀ ၁၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၀ ၁၃။ အဆိုပြိုင်ပွဲ
၁၄း၃၅ ၁၄။ **"အလံလေးတော့ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄း၄၅ ၁၅။ International News
၁၅း၀၀ ၁၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၂၅ ၇။ အတီးပြိုင်ပွဲ
၁၇း၃၅ ၈။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ပညာရှင်အဆင့်) (အမျိုးသား)
၁၇း၄၅ ၉။ ငါ့သရောက်ရေလှောင်တမံ
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ Discovery
၁၈း၅၀ ၁၃။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ် (ကရင်၊ မွန်)
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၅)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၁၇)

## တတိယအကြိမ် ပန်းချီပြပွဲ

**ရန်ကုန် စက်တင်ဘာ ၈**

ပန်းချီပညာရှင်များဖြစ်ကြသော ခရေမြင့်သန်း၊ ဉာဏ်ကျယ်၊ Real-man၊ ကျော်ဆန်းသွင်၊ ကေကျော်၊ ဆုပန်၊ မျိုးမြင့်အောင်၊ အောင်ကျော်ဟိန်း၊စောမောင်နွဲ့၊သန်းထွန်း(တောင်ငူ)၊ တူးတူး (ထားဝယ်)၊ နေဝင်းသစ်၊ အောင်သစ်၊ အောင်သူရ၊ ကောင်းဝေ၊ လှမြင့်ဦး၊ ဟန်မင်းထွဏ်း၊ နေအောင်ရှု တို့ ရေးဆွဲထားသည့် တတိယအကြိမ်မြောက် Illusion of Pigments၊ ပန်းချီပြပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)ပြခန်းမ အမှတ် ၁၈၇-၁၉၂ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ဘက်တန်း ရန်ကုန်မြို့တွင် ချိတ်ဆွဲပြသထားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**



**မင်္ဂလာတောင်ညွန့်မြို့နယ် (၄၁)နှစ်မြောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ရက်က အထက(၁) မြတ်မင်္ဂလာခန်းမတွင်ပြုလုပ်ရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မခိုင်သီရိစန်း (အထက-၃)အား မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဆုချီးမြှင့်စဉ်။** (၂၅၉)



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

## အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တွေ့ရသော တွင်းနက်

နာဆာမှ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အောပို့ကျူနီတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် တွေ့ရှိရသော အဝကျယ်တွင်းနက်ကြီးတစ်ခုအနီးသို့ ချဉ်းကပ်ကာ လေ့လာလျက်ရှိပြီး မြေပြင်စခန်းသို့လည်း ဓာတ်ပုံများ ပေးပို့လျက်ရှိသည်။

**ထူထပ်**

အောပို့ကျူနီတီယာဉ်မှ ပေးပို့သော ဓာတ်ပုံများအရ အင်္ဂါဂြိုဟ်ပေါ်တွင် တွေ့ရှိရသော တွင်းနက်ကြီး၏ ဘေးပတ်လည်၌ မီတာ ၃၀ မှ မီတာ ၄၀ ထူသောကျောက်လွှာကဲ့သို့ အထပ်များ ထူထပ်စွာရှိနေကြောင်း နာဆာမှ ပညာရှင်များက ပြောကြားသည်။

**ပေါက်ကွဲ**

ထိုအင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ တွင်းနက်ကြီးသည် အင်္ဂါဂြိုဟ်အား ကြီးမားသော ဥက္ကာခဲတစ်ခုဝင်ဆောင့်ခြင်းကြောင့် သို့မဟုတ် အင်္ဂါဂြိုဟ်အတွင်းပိုင်းမှ မျက်နှာပြင်သို့ ပေါက်ကွဲထွက်ရှိလာသည့် ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာခြင်းဟု နာဆာသိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ထို့အပြင် အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိခဲ့သည်ဟူသော အထောက်အထားများကိုလည်း အချိန်အတန်ကြာကပင် နာဆာအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ ယခုအခါ အဆိုပါတွင်းနက်ကြီးအနီးသို့ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် တဖြည်းဖြည်းချဉ်းကပ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သော ဓာတ်ပုံနှင့်အချက်အလက်များကို မြေပြင်စခန်းသို့ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**



## စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၈

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက စက်တင်ဘာ၁၅ရက်မှ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

# အာရှ-ဥရောပ(၆)ကြိမ်မြောက် ထိပ်သီးညီလာခံတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ပြည်ပသို့ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၈

**နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ၁၀ရက်မှ ၁၁ရက်အထိ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ကျင်းပမည့် အာရှ-ဥရောပအစည်းအဝေး၏ (၆)ကြိမ်မြောက်ထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းလည်း လိုက်ပါသွားသည်။

### တက်ရောက်မည်

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာရှ- ဥရောပအစည်းအဝေး၏ (၆)ကြိမ်မြောက် ထိပ်သီးညီလာခံသို့တက်ရောက်ပြီး ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စက်တင်ဘာ ၁၁ရက်မှ ၁၆ရက်အထိကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၄)ကြိမ်မြောက် ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။

### ကုလသမဂ္ဂအထွေထွေညီလာခံ

ဝန်ကြီးသည် ဘက်မလိုက်ထိပ်သီးညီလာခံအပြီးတွင် နယူးယောက်မြို့၌ကျင်းပမည့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်ရန် ဆက်လက်ထွက်ခွာမည် ဖြစ်သည်။

### ကြိုတင်ထွက်ခွာ

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အကြံပေးအရာရှိ ဦးအောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်တို့ပါဝင်သော ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့သည် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ စက်တင်ဘာ ၈ရက်တွင်ကျင်းပမည့် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ကြိုတင်ထွက်ခွာသွားကြပြီဖြစ်သည်။

**(သတင်းစဉ်)**

### ■ ကျောဖုံးမှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးနေသည့် ရည်ရွယ်ချက်များမှာ-

- တပ်မတော် ဘောလုံးအားကစားနည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်။
- တပ်မတော်သားများ ဘောလုံး အားကစားနည်းကို ကျယ်ပြန့်စွာ ကစားခြင်းဖြင့် စစ်မြေပြင်ကြံ့ခိုင်မှုကို အထောက်အကူပြုစေရန်။
- တပ်မတော် (ကြည်း၊ရေ၊လေ) လက်ရွေးစင် အသင်းများ၌ သွေးသစ် လောင်းနိုင်မည့် ဘောလုံး အားကစားသမားမျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်။
- တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်များအဖြစ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများ၌ ပါဝင် ကစားခွင့်ရရှိပြီး စွမ်းရည်တိုးတက်လာသည်နှင့်အမျှ မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများမှာ နိုင်ငံတော်ကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်ကြစေရန်ဆိုသည့်ရည်ရွယ်ချက်များပင် ဖြစ်ကြောင်း။

### ကျန်းမာကြံ့ခိုင်ရန်လိုအပ်

မိမိတို့ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သားတိုင်းသည် ကျန်းမာကြံ့ခိုင်နေရန်လိုအပ်ကြောင်း၊ ထို့အပြင် တပ်မတော်၏ အား(၁၀)ပါးတွင်လည်း ကျန်းမာကြံ့ခိုင်မှုဆိုသည့် အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရန်အတွက် တပ်ရင်းတပ်ဖွဲ့အလိုက် အားကစားပြိုင်ပွဲများနှင့် တိုင်း၊ တပ်မများအလိုက် အားကစားပြိုင်ပွဲများကို နှစ်စဉ် ကျင်းပပေးနေသည့်အပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား/ ဒိုင်း အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲကို ၁၉၆၁ခုနှစ်ကတည်းကစပြီး နှစ်စဉ်ကျင်းပပေးခဲ့ကြောင်း။

### ကမ္ဘာနှင့်ရင်ပေါင်တန်း

အားကစားအဆင့်အတန်း တိုးတက် မြင့်မား အောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အားကစား နယ်ပယ်၌ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် အားကစားဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

### မျိုးချစ်စိတ်ဓာတ်

အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားကစား အောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို ဖော်ညွှန်းပြသပေးနိုင်ကြောင်း။

၂၀၀၆ ခုနှစ် ဩဂုတ် ၂၃ရက်မှ ၂၉ ရက်အထိ (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ရာတွင် မိမိတို့ နိုင်ငံကိုယ်စားပြု ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဤပြိုင်ပွဲတွင် အိမ်ရှင် မလေးရှားအသင်း၊ ထိုင်းနှင့်အင်ဒိုနီးရှားအသင်းတို့လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲတွင် မိမိတို့နိုင်ငံဘောလုံးအသင်းသည် ဗိုလ်လုပွဲ၌အင်ဒိုနီးရှားအသင်းကို အနိုင်ရယူပြီး မာဒေးကားဖလားဆုကြီးကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ မိမိတို့ဘောလုံးအသင်းသည် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့်အတူ နိုင်ငံ့ လက်ရွေးစင် အားကစားသမားများဖြစ်အောင် ကြိုးပမ်းပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ကြရန် အလေးအနက်ထားမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

### ချီတက်အလေးပြု

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြိုင်ပွဲဝင်ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### ယှဉ်ပြိုင်ကစားမည်

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဇုန်များတွင် စက်တင်ဘာ ၁၃ရက်မှ ၂၂ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)နှင့် (င)အုပ်စု တပခဇုန်(တောင်ငူ)တို့၌ အသီးသီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**



## မာဒေးကားချန်ပီယံ မြန်မာ

* တိုင်းပြည်ရဲ့ဂုဏ်၊ လူမျိုးဂုဏ်ကို
အဟုန်ပြင်းပြင်း၊ ဂုဏ်သတင်းအတွက်
တက်ကုန်လည်းဖွင့်၊ ရွက်စုံလွှင့်၍
အားနှင့်ယှဉ်ပြိုင်၊ အနိုင်ဗိုလ်စွဲ
အောင်ပွဲနှင့်အတူ၊ ပြန်လာသူများ
မာဒေးကားချန်ပီယံ၊ အလွန်ထိုက်တန်သည့်
"မြန်မာအားကစားသူရဲကောင်းများ"ကို
လေးစားဂုဏ်ပြုလိုက်ပါသည်...။

* တိုင်းပြည်ကိုချစ်၊ လူမျိုးချစ်သူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။

* တိုင်းပြည်ဂုဏ်ပုဒ်၊ ဖော်ထုတ်လိုသူ
မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။

* တိုင်းပြည်ဂုဏ်ဆောင်၊ အားကစားမောင်တို့
ရှေ့ဆောင်လမ်းပြ၊ ဂုဏ်ယူကြလော့...။

* မြန်မာ့အောင်ပွဲ၊ တစ်ခဲနက်ညံ
ကြွေးကြော်သံတွေ၊ နဘံမိုးဖျား
မာဒေးကားတွင် အောင်ပန်းဆင်မို့
ပြည်ခွင်အလုံး၊ အုန်းအုန်းခြိမ့်ခြိမ့်
သိမ့်သိမ့်တုန်အောင်၊ ပြည့်ဂုဏ်ဆောင်...။
အမောင်တို့ တာဝန်ကျေပါကြောင်း...။ ။

**(မာဒေးကားချန်ပီယံ
မြန်မာအားကစားသူရဲကောင်းများသို့
ဂုဏ်ပြုရေးဖွဲ့သည်။)**

ဟံသာတမြင့်ငွေ

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

**World First Aid Day**
**9th September, 2006**

**Red Cross First Aid Volunteers: Saving Lives without Discrimination**
'မခွဲမခြား၊ အသက်ပေါင်းများစွာ ကယ်တင်ယူ၊ ကြက်ခြေနီရှေးဦးပြုစုသူ'

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

*** ရှေ့ဖုံးမှ**

လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူလေးများဖြစ်ကြသည့် မယဉ်လဲ့ဦးနှင့် မအေးသူဇာမောင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

## အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **‘ဒို့အင် ဒို့အား’** သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးဆိုသည့် မြင့်မားသော မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ပဓာနကျသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## ပြုစုပျိုးထောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် မိမိတို့နိုင်ငံသူနိုင်ငံသားများ၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ကိုယ့်နိုင်ငံကိုယ် တည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံ၌ ဖြစ်ထွန်းနေစေရန်နှင့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံ၌ ပေါ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန် လိုအပ်သည့်အပြင် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရန်လည်း လိုအပ်ကြောင်း။

ယင်းရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း အခြေခံပညာသင်ယူမှု အခွင့်အလမ်း ပိုမိုတိုးတက်ရရှိရေး၊ ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် တစ်ပြေးညီ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်ရေး လုပ်ငန်းစဉ်များကို အပြန်အလှန်ချိတ်ဆက်အကျိုးပြု တိုးတက်ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် အခွင့်အလမ်းပွင့်နေသည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မနှင်းဥရည်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အလားတူပင် ကျောင်းသင်ပညာရေးအပိုင်းနှင့် ကျောင်းပြင်ပ ပညာရေးအပိုင်းများကိုလည်း ဟန်ချက်ညီညီ နှစ်စဉ်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပညာသင်ယူမှုလုပ်ငန်းများသည် စာသင်ခန်းအတွင်း၌ ကန့်သတ်တုပ်နှောင်မနေတော့ဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ခန်းပြင်ပ၌ပါ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ကျောင်းပေါင်း ၆၀၀၃ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရေးအပိုင်းတွင် Multi-media စာသင်ခန်းများ ဖွဲ့စည်းထားပြီးဖြစ်သည့် အခြေခံပညာကျောင်းပေါင်း ၁၆၇၁ ကျောင်း၊ Electronic Data Broadcasting System ဖြင့် ထုတ်လွှင့်ပေးနေသည့် အခြေခံပညာဘာသာရပ်သင်ကြားမှုများကို အနယ်နယ်အရပ်ရပ်က လက်ခံသင်ယူနိုင်သော (e-Learning Centre)ပေါင်း ၇၃၄ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ကျောင်းပြင်ပ ပညာရေးကဏ္ဍ(Non-Formal Education)တွင်လည်း ပုံမှန်ကျောင်းချိန်အတွင်း ကျောင်းတက်နိုင်ရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေး အထူးအစီအစဉ်(Non-Formal Primary Education Programme)နှင့် ရွေ့လျားကျောင်း(Mobile School)အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်(Literacy and Continuing° Education Programme)တို့ကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာနခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်း၊ ဆုရ စာစီစာကုံးများ၊ ဆုရဆောင်းပါးများနှင့် ဆုရပိုစတာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## တိုးတက်မြင့်မားလာ

ဤကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၅ ခုနှစ်တွင် ၉၄ဒသမ၁ ရာခိုင်နှုန်း၊ ၂၀၀၆ ခုနှစ်တွင် ၉၄ဒသမ၃၅ ရာခိုင်နှုန်း အထိ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့သည်ကို တွေ့ရကြောင်း။





ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာ ကိုဖီအာနန်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး ယာယီတာဝန်ခံ Mr.Tang Zhengping က ဖတ်ကြားစဉ်။ (သတင်းစဉ်)



ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်ဇော် ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျောင်းသင်ပညာရေးကဏ္ဍ(Formal Education)တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသည့်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ကျောင်းဝင်နှုန်းသည် ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် ၉၁ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၆–၂၀၀၇ပညာသင်နှစ်တွင် ၉၇ဒသမ၈၄ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

## တိုးတက်ဖြစ်ထွန်းလာ

မူလတန်းပညာပြီးဆုံးအောင် သင်ယူနိုင်စေရန် အားပေးဆောင်ရွက်နေသကဲ့သို့ အလယ်တန်းနှင့်အထက်တန်းပညာများ ပြီးမြောက်သည်အထိ ဆက်လက်သင်ယူနိုင်စေရန်အတွက် အားပေးသည့်အနေဖြင့် မူလတန်းလွန်

## ဘက်စုံဖွံ့ဖြိုးတိုးတက်

ယခုအခါတွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၉၆ ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေး၊ ဘဝသာယာရေးနှင့် တစ်ဦးချင်း ဝါသနာပါရာလုပ်ငန်း အစီအစဉ်များစသည့် စဉ်ဆက်ပညာရေး အစီအစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် တစ်ဦးချင်း၏ လူမှုဖွံ့ဖြိုးမှုသာမက ရပ်ရွာဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုး တိုးတက်လာလျက်ရှိနေပြီဖြစ်ကြောင်း။

***စာမျက်နှာ ၁၀ ကော်လံ ၁***

✡ ကျောဖုံးမှ

## တက်ရောက်

အဆိုပါ ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်ကျင်းပရေးဦးစီးကော်မတီဝင်များ၊ ဆားလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံသားများသည် အဓိကကျသော လူသားအရင်းအမြစ်များဖြစ်သည် ဆိုသည်ကို ခံယူထားပြီးဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ထွန်းလာရန် ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးဆိုပြီး ခိုင်မာတိကျသော ရည်မှန်းချက်များကို ချမှတ်အကောင်အထည် ဖော်နေသည်ကို တွေ့မြင်နိုင်ကြောင်း။

## ဦးစားပေးဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေမြှင့်တင်မှု လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကျန်းမာရေးကော်မတီက မျက်ခြည်မပြတ်လမ်းညွှန်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ ပံ့ပိုးမှုများ ပေးလျက်ရှိနေကြောင်း၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူတို့၏ အာဟာရအခြေအနေမြင့်မားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်ကြကြောင်း။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ ပြုလုပ်ရခြင်း၏ ရည်မှန်းချက်များမှာ အရည်အသွေး ပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကို မြှင့်တင်ရန်၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုး



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများကို တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ထွန်းကားလာစေရန်၊ အသက်ငါးနှစ်အောက်ကလေးများကို အာဟာရ ပြည့်ဝမျှတစွာ ကျွေးမွေးတတ်သည့် ဓလေ့ထွန်းကားလာစေရန်၊ သန်ချဆေးများ တိုက်ကျွေးခြင်းလုပ်ငန်းကို အသက်နှစ်နှစ်မှ ငါးနှစ်အတွင်း ကလေးများနှင့် မူလတန်းကျောင်းသားအရွယ်ကလေးများအားလုံး တစ်နှစ်တွင်နှစ်ကြိမ်နှင့် ကိုယ်ဝန် သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သန်ချဆေးများတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားလာစေရန်တို့ဖြစ်ကြောင်း။

## အခိုင်အမာချမှတ်

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ကျန်းမာရေးကိုအထောက်အကူပြုသည့် စားသောက်ပုံဓလေ့များ ပြည်သူများကြားတွင် ထွန်းကားလာရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသည့်ရောဂါများ အန္တရာယ်မှ ကာကွယ်တားဆီးရေး ဆိုသည့် ရည်မှန်းချက်များကို အခိုင်အမာချမှတ်ပြီး စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း။

ဗီတာမင်အစုံပါဝင်သည့်ဆေးများ တိုက်ကျွေးခြင်း လုပ်ငန်းအနေဖြင့် ခြောက်လမှ ငါးနှစ်အရွယ်ကလေးများနှင့် နို့တိုက်မိခင်များကို ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းစီမံချက်၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း စီမံချက်တို့ကို အကောင်အထည် ဖော်နေသည်ကို တွေ့ရကြောင်း၊ ဗီတာမင်အေချို့တဲ့မှုသည် တစ်ချိန်ကဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့်အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်ခဲ့ကြောင်း။

## ပူးပေါင်းဆောင်ရွက်

တစ်ချိန်က လည်ပင်းကြီးရောဂါဟု အလွယ်တကူ ပြောဆိုခဲ့ကြသည့် အိုင်အိုဒင်းချို့တဲ့မှုသည် သန္ဓေသားနှင့် ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နှေးကွေးစေသည့် အကြောင်းအရင်းများ အနက်တွင် အဓိကအကြောင်းရင်းတစ်ခုဖြစ်ရုံမက အလွယ်တကူ ကာကွယ်၍ရသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်ကြောင်း၊ အိုင်အိုဒင်းဆားကို နိုင်ငံသားတိုင်း စားသုံးနိုင်ရန် ဆောင်ရွက်ပေးခြင်းသည် စရိတ်စကအားဖြင့်မများလှသည့်အတွက် တွက်ခြေကိုက်ရုံမက ထိရောက်မှုလည်း ရှိသည့်အတွက် နိုင်ငံအများအပြား၌ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးလုပ်ငန်း၏ ရေရှည်နည်းဗျူဟာအဖြစ် လက်တွေ့ကျင့်သုံးနေကြကြောင်း၊ မြန်မာနိုင်ငံသားအားလုံးအတွက် အိုင်အိုဒင်းဆားကို အလုံအလောက် စံချိန်မီမီ ထုတ်လုပ်စားသုံးစေသည့် စီမံချက်မှာ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့က ပူးပေါင်းပြီး ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကြောင့် အောင်မြင်ခဲ့ပြီး အိုင်အိုဒင်းချို့တဲ့မှု ပပျောက်သည့်နိုင်ငံအဖြစ် ကြေညာနိုင်တော့မည်ဖြစ်ကြောင်းကို ယုံကြည်ထားကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် ပညာရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်ကြကြောင်း။

အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်နှင့် အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးတို့ကို ပြည်သူများ သိရှိနားလည်ပြီး အိုင်အိုဒင်းဆားကို လိုလိုချင်ချင် စားသုံးချင်လာအောင် အာဟာရပညာဖြန့်ဖြူးပေးရကြောင်း၊ အရေးကြီးဆုံးက ပြည်သူများအတွင်း၌ ကျန်းမာရေးကို အထောက်အကူပြုသည့် နေထိုင် စားသောက်မှုအလေ့အထများ ထွန်းကားလာစေရန် အာဟာရပညာ ဖြန့်ဖြူးပေးနေရန် လိုအပ်ကြောင်း၊ မလိုအပ်ဘဲ အစားရှောင်သည့်အတွက် အာဟာရ ချို့တဲ့မှုများ ဖြစ်နိုင်ပုံ၊ အာဟာရဓာတ်များ စုံစုံလင်လင် ရရှိအောင် အစာအုပ်စုသုံးအုပ်စုမှ အစားအစာများကို စုံစုံလင်လင်စားတတ်ရန်၊ အာဟာရ လွန်ကဲမှုမဖြစ်စေရန်၊ မျှမျှတတစားတတ်ရန် စသည့် အာဟာရ ဗဟုသုတများ ဖြန့်ဖြူးပေးနေရန် လိုအပ်ကြောင်း။

## ကူညီဆောင်ရွက်

ကလေးသူငယ်များ၏ အာဟာရအခြေအနေမြှင့်တင်ရေး ကြိုးပမ်းရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး (၂၀၀၆-၂၀၁၀) ငါးနှစ်အတွက် **"မြန်မာနိုင်ငံအစားအစာနှင့်အာဟာရ လုပ်ငန်းအစီအစဉ်"** ကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် တာဝန်ရှိကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း စသည့်ဌာနများနှင့် ရင်းနှီးစွာလက်တွဲဆောင်ရွက်နေကြကြောင်း၊ အာဟာရပညာ မှန်ကန်သည့် ဗဟုသုတများ ပြန့်ပွားရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် ပညာရေးဝန်ကြီးဌာန၏ အကူအညီကိုလည်း ရယူဆောင်ရွက်ရကြောင်း၊ ထို့အတူ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်နေကြောင်း။

အသက် ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၀၀ ပြည့်နှစ်က စပြီး အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းနှင့်တွဲပြီး ဆောင်ရွက်ခဲ့သည့်အတွက် လွှမ်းခြုံမှုရာနှုန်းပြည့် နီးပါး



အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အိုင်အိုဒင်းဆား နမူနာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကောင်းခဲ့ကြောင်း၊ တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေး စီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့်သတ္တုတွင်း ဝန်ကြီးဌာနတို့သည် အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှု၊ အခြားဝန်ကြီးဌာနများ၏ ကူညီပံ့ပိုးမှု၊ ဆားလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူအကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် အိုင်အိုဒင်းဆားစားသုံးမှုရာခိုင်နှုန်း ၉၀ရောက်ရှိနေပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အိုင်အိုဒင်းဆားချို့တဲ့မှုပပျောက်ပြီဟု ကြေညာနိုင်ရန်အတွက် လက်တစ်ကမ်းအကွာကို ရောက်ရှိနေပြီ ဖြစ်ကြောင်း။

## အောင်မြင်မှုများရရှိ

၁၉၉၉မှ ၂၀၀၁ခုနှစ်အထိ ကျင်းပခဲ့သည့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် ဌာနအသီးသီး၏ ပူးပေါင်း ဆောင်ရွက်မှု၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးမှုတို့နှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာ ပါဝင်မှုကို ရရှိခဲ့သည့်အတွက် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ ပြည်သူလူထုကြားတွင် အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်၊ အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်ပြီး မှန်ကန်သည့် ဗဟုသုတနှင့် မှန်ကန်သည့်အမူအကျင့်များ တိုးတက်ဖြစ်ထွန်းလာသည်ကို သုံးသပ် တွေ့ရှိခဲ့ရကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ် လှုပ်ရှားမှု၏ အတွေ့အကြုံများကို အခြေခံပြီး ပိုမို ကျယ်ပြန့်သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို ၂၀၀၂ ခုနှစ်မှစပြီး ယနေ့အထိ နိုင်ငံတစ်ဝန်းလုံး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း၊ ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ အမျိုးသမီးများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းနှင့်အတူ ငါးနှစ်အောက် ကလေးများကို အာဟာရမျှတစွာ ချက်ပြုတ်ကျွေးမွေးတတ်ရန် ပညာပေးခြင်း လုပ်ငန်းများကို ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းတွင် ရရှိထားသည့် အောင်မြင်မှုများကို ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်သွားရန် ကြိုးပမ်းရာတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုသည် များစွာအထောက်အကူပြုခဲ့ကြောင်း။

ထို့အပြင် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၏ မြင့်မားသည့် လွှမ်းခြုံမှုကို ဆက်လက် ထိန်းသိမ်းရေးကိုလည်း ဤရက်သတ္တပတ်လှုပ်ရှားမှုသည် ထိရောက်သည့်နည်းလမ်းကောင်းတစ်ခုဖြစ်လာကြောင်း၊ လာမည့်နှစ်များတွင် လက်ရှိ ကြုံတွေ့နေရသည့် အာဟာရ ပြဿနာများအပြင် နိုင်ငံတော်၏ တိုးတက်နေသော လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် တွဲပြီး ပေါ်ပေါက် လာနိုင်သည့် အာဟာရလွန်ကဲခြင်း၊ 'ဝ'ဖြိုးခြင်းတို့နှင့် နီးနွယ်နေသည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါများ ကာကွယ်ရေး လုပ်ငန်းများကို အလှည့်ကျထည့်သွင်း လှုပ်ရှားဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

## အထူးကျေးဇူးတင်

မြန်မာနိုင်ငံသားများ အထူးသဖြင့် မြန်မာမိခင်များနှင့် ကလေးငယ်များ၏ အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲ ဆောင်ရွက်နေကြသည့် သတ္တုတွင်းဝန်ကြီးဌာနနှင့်အခြားဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသည့် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးစီမံချက်လှုပ်ရှားမှုနှင့် အာဟာရပညာပေးလုပ်ငန်း မှတ်တမ်းတင်ဓာတ်ပုံများ၊ ဗီတာမင်အေ စီမံချက်လှုပ်ရှားမှုနှင့် သွေးအားနည်းရောဂါ ကာကွယ်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ အိုင်အိုဒင်းဆား တိုးတက်ထုတ်လုပ်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အိုင်အိုဒင်းဆား သုံးစွဲမှု အညွှန်းကိန်းများနှင့် အိုင်အိုဒင်းဆား နမူနာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများကို တိုက်ကျွေးကြပြီး လက်ဆောင်ပစ္စည်းများကိုပေးအပ်ကြသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများကို တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**အိုင်အိုဒင်းဆားကို နိုင်ငံသားတိုင်း စားသုံးနိုင်ရန် ဆောင်ရွက်ပေးခြင်းသည် စရိတ်စကအားဖြင့် မများလှသည့်အတွက် တွက်ခြေကိုက်ရုံမက ထိရောက်မှုလည်းရှိရာ နိုင်ငံအများအပြား၌ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်း၏ရေရှည်နည်းဗျူဟာအဖြစ် လက်တွေ့ကျင့်သုံးနေ။**

*စာမျက်နှာ ၈ မှ*

### အထူးစီမံကိန်း

နိုင်ငံတကာတွင်ပြည်သူများ အလွန်အကျွံ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ရောဂါဘယကင်းစင်ရေး၊ စာတတ်မြောက်ရေးစသည့် လူမှုရေးဘဝ အရည်အသွေးမြင့်မားမှုကို အလေးထားဆောင်ရွက်နေကြသည့်နည်းတူ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အထူးစီမံကိန်း တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်လမ်းညွှန်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးဘဝ တိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များ ပါဝင်ကြောင်း။

### ပဓာနအကျဆုံး

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍက ဆောင်ရွက်နေသည့် ကျေးလက်နေကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အခြေခံမူလတန်းပညာပြီးဆုံးရေး၊ အလယ်တန်း၊ အထက်တန်းအဆင့် ကူးပြောင်းသင်ယူမှုနှုန်းမြင့်မားရေး၊ ကျောင်းနေရွယ်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေး၊ သက်ကြီးစာမတတ်မှုပပျောက်ရေး၊ စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ပြီး မိသားစုဝင်ငွေ တိုးပွားစေရေးလုပ်ငန်းများသည် အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ပြည်သူများ၏ စာပေပညာတတ်မြောက်မှု၊ ပညာဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျန်းမာရေး၊ လူမှုရေးအသိပညာ မြင့်မားမှု၊ မိသားစုဝင်ငွေတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာမှုတို့သည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ရေရှည်ဖော်ဆောင်ပေးနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ထို့ကြောင့် နိုင်ငံတကာပညာရေးလှုပ်ရှားမှုများတွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့်သော်လည်းကောင်း၊ မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ စာပေပညာတတ်မြောက်ပြီး လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားစေရအောင် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးယာယီတာဝန်ခံ Mr.Tang Zhengping က ဖတ်ကြားသည်။

### သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ‘ဇာတိမာန်’သီချင်းဖြင့် သီဆိုတီးမှုတ်ကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အခြေခံပညာ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် **‘ကျောင်းသွားကြစို့ တူပျော်ပျော်’** ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုလှိုင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်သူရနှင့် တတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသွန်းရွှေရည်ဝင်းဆုတို့အားလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **‘သက်ကြီး စာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး’** ခေါင်းစဉ်ဖြင့် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်သန့်အောင်ဖြိုးနှင့် တတိယဆုရ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မသီတာထွေးတို့အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် **‘သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး’** ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မနှင်းဥရည်၊ ဒုတိယဆုရ စစ်ကိုင်းမြို့ ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသူ မစုစန္ဒီဝင်းနှင့် တတိယဆုရ ထားဝယ်ပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မနေနွယ်လှိုင်တို့အားလည်းကောင်း၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် **‘ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုမြှင့်တင်စို့’** ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသန်းဝင်း (မောင်သန်းဝင်း၊ ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုရ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ သူနာပြုအရာရှိ ဗိုလ်တင်ဇာမော် (မြခြူးအိမ်)နှင့် တတိယဆုရ ဧရာဝတီတိုင်း ဇလွန်မြို့မှ အထက်တန်းပြဆရာ (အငြိမ်းစား) ဦးကျော်ထွန်း (အဖျောက်မြေ မောင်ဆွေမွန်)တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ **“မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းမှု”** ဗီဒီယိုကို ပြသသည်။

ထို့နောက် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက **‘လူတိုင်းအတွက် ပညာရေး’** သီချင်းဖြင့် တင်ဆက်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မဒမ်ဗိုဘီအေဂိုမက်ဇ် ဦးဆောင်သည့် နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဆုရကျောင်းသားကျောင်းသူများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ကြည့်ရှုအားပေး

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပညာရေးဝန်ကြီးဌာနခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်း၊ ဆုရစာစီစာကုံးများ၊ ဆုရဆောင်းပါးများနှင့် ဆုရပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**




မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ လှူဒါန်းသော သားဖွားခန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို သာစည်မြို့နယ် မြို့တော်ခန်းမ၌ စက်တင်ဘာ ၇ရက်က ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် အမှာစကားပြောကြားစဉ်။ (ရုထား)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) သာစည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ သားဖွားခန်းသုံးပစ္စည်းများလှူဒါန်း ကိုယ်ဝန်ဆောင်မိခင်များအားတွေ့ဆုံပြီး ကျန်းမာရေးပညာပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သားဖွားခန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် သာစည်မြို့နယ် မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။**

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားပြီး သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ သားဖွားခန်းသုံးပစ္စည်းများနှင့် ဆေးပစ္စည်းလှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်နုက လက်ခံသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူကြိုနေ့ကလေးထိန်းကျောင်းအတွက် အလှူငွေကျပ်၅၀၀၀၀နှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက မြို့နယ်သားဖွားခန်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်နုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံပြီး အသင်းကြီး၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### အသင်းဝင်များအားတွေ့ဆုံ

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ပြီး သားဖွားမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံ၍ ကျန်းမာရေးပညာပေးဆွေးနွေးပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများပေးအပ်ပြီး အရန်သားဖွားဆရာမများနှင့် အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

### အလှူငွေပေးအပ်

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်ထားရှိသော မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်မှူးသင်တန်းသို့ သွားရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များက သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေများပေးအပ်ရာ အသင်းအတွင်းရေးမှူး ဦးမိုးမြင့်သိန်းကလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာရှင်စေတနာညကျောင်းအတွက် အလှူငွေများ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဒေါ်တင်နုကလည်းကောင်း လက်ခံသည်။

### ပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးသူငယ်များအား သင်ထောက်ကူပစ္စည်းများနှင့် ကစားစရာပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ လှိုင်းတက်စံပြကျေးရွာသို့သွားရောက်ပြီး ကျေးလက်ကျန်းမာရေးဌာန၌ မိခင်နှင့်ကလေးများ၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က မိသားစုဝင်ငွေတိုးရေးနှင့် ပညာရေးအထောက်အပံ့အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ အလှူငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ရွာကြီးကျေးရွာမှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ရွှေယင်မျှော်ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ ရွှေယင်မျှော်ဘုရားအား လှည့်လည်ဖူးမြော် ကြည်ညိုကန်တော့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဇီးကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

**ရန်ကုန်    စက်တင်ဘာ    ၈**

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်း မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့အတွက် ထာဝရငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲတစ်ရပ်ကို မြို့နယ်ခန်းမတွင် စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်နှင့်စာပေစာနယ်ဇင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ရှင်သန်ရေးအတွက် ငွေပဒေသာပင်စိုက်ထူရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ငွေပဒေသာပင်အလှူရှင်များကိုယ်စား ဦးခင်မောင်မြင့်က ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

## ကျေးဇူးတင်စကား

ထို့နောက် မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးအောင်စိုး (အောင်စိုး/တိရစ္ဆာန်ဆေးကုဆရာဝန်) က အလှူငွေ စုစုပေါင်း ကျပ်ခုနစ်သိန်းကို လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး၌ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင်သုံးထပ်ကျောင်းဆောင်အတွက် မင်္ဂလာဒုံမြို့နယ် ခွာညိုလမ်း(၂/က)ရပ်ကွက်အမှတ်၁၀နေ ဦးလှမြင့်-ဒေါ်ညွန့်ညွန့်ငွေ၊ သမီး မရွှေရည်ဝင်း၊ မရွှေစင်ယမင်း(ဇမ္ဗူရာဇ်ရွှေစင်ရတနာရွှေဆိုင်)မိသားစုက သမီးမရွှေရည်ဝင်း၏ (၁၄)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (Pre. Ph.D) က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# လှိုင်သာယာ၌ စာပေညီလာခံအတွေ့အကြုံရှင်း

**ရန်ကုန်    စက်တင်ဘာ    ၈**

စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ် ညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီ က လှိုင်သာယာ မြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးတင့်ဌွေနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ဦးမောင်မောင်မြင့်အေးတို့က အမှာစကားများ ပြောကြားကြပြီး စတုတ္ထအကြိမ် ညီလာခံအတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်) က ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် အမှုဆောင် ဦးတင်ဌေး၊ ကိုမာတိ(ပန်းတောကြီး)က ရပ်ကွက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ငွေကျပ်၁၂၂၅၀၀ တန်ဖိုးရှိ စာအုပ်စာဆောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်များက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ကျပ် ၁၄၅၅၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ **(က-ပ)**

## ပေးအပ်လှူဒါန်း

**ရွှေပြည်သာမြို့နယ် (၂)ရပ်ကွက် အမှတ် ၃၀/၁၀၇နေ ဦးညီ-ဒေါ်သန်းစိန် မိသားစုက အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ထံ ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းစားကျောင်းဆောင်အတွက် အလှူငွေကျပ် ငါးသိန်းကို အကျိုးဆောင် ဒေါ်လှလှစိုးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဓမ္မဂုဏ်ရောင်ဆရာတော် အရှင်တေဇိန္ဒ တရားဟောကြားမည်

**ရန်ကုန်    စက်တင်ဘာ    ၈**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက်ပဓာန နာယက မဟာစည် သာသနာ့ရိပ်သာကြီး၏ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်တေဇိန္ဒ [M.A ဗာရာဏသီ၊ BHU, Dip in B.Dh, Dip in English (SIBA) သာသနဓဇ ဓမ္မာစရိယ သာသနပါလ ဓမ္မာစရိယ] သည် စက်တင်ဘာ ၉ရက်မှ ၂၄ရက်အထိ ပဲခူးတိုင်း (အနောက်) ဇီးကုန်းမြို့ မင်္ဂလာရာမ ကန်ဦး မဟာစည်သာသနာ့ရိပ်သာ၌ တရားစခန်းပွဲကျင်းပ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၆ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Col. Zafar Jamil နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေး

ရန်ကုန်    စက်တင်ဘာ    ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို တက်ရောက် အမှာစကားပြောကြားသည်။**

## တက်ရောက်

မြို့နယ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မြို့နယ် အသင်းအတွင်းရေးမှူး ဦးဇော်ဦးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး ပထမပိုင်းအစီအစဉ်ကို စတင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အမှာစကားပြောကြားသည်။

## အဆိုပြုလွှာပေးအပ်

ထို့နောက် ဗဟို အလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ ရွာသာကြီး စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၂၀ကို တာဝန်ရှိသူက ပေးအပ်သည်။

ယင်းနောက် မြို့နယ်အသင်း ရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိကြသူများအား ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လည်းကောင်း၊ ငါးဘာသာနှင့်အောက် ဂုဏ်ထူးရရှိကြသူများကို တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

## အဖွင့်အမှာစကားပြောကြား

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို ရေးရာအလိုက် ဖတ်ကြားတင်သွင်းခြင်း၊ ဒို့တာဝန် အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ် လူငယ်များ၏ သဘောထားကို ဖတ်ကြားတင်သွင်းခြင်း၊ ရေးရာအလိုက် အစီရင်ခံစာများအပေါ် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြခြင်း၊ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ပြောကြားခြင်း၊ မြို့နယ်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း တို့ကို ဆောင်ရွက်ကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

**ဘိုးဘွားမိဘများအား ရည်စူး၍ ရန်ကင်းမြို့နယ် အမှတ် ၄၆/က အနီးယာလမ်းနေ ဦးဝါစိန်နှင့် မောင်နှမများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း (ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံယူစဉ်။** (က-ပ)

# မီးသတ်စခန်းများနှင့် ကလေးပြုစုရေးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန်    စက်တင်ဘာ    ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ၄ရက် မွန်းလွဲပိုင်းက မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနှင့် တာမွေမြို့နယ်မီးသတ်စခန်းများသို့ သွားရောက်၍ မီးသတ်ယာဉ်၊ စက်များအခြေအနေ၊ အိမ်ထောင်သည်လိုင်းခန်းများ အခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာစခန်းတာဝန်ခံများနှင့် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၆ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ပေါ်ရှိ မီးသတ်စခန်း၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၊ ကလေးပြုစုရေး ဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန သိုလှောင်ရုံတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သဲအင်းဂူ အဝိဇ္ဇာန် ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန်    စက်တင်ဘာ    ၈**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်)အရှင်သူမြတ်က စက်တင်ဘာ ၁၇ ရက်မှ ၂၄ရက်အထိ အဝိဇ္ဇာန်ခုနစ်ရက်တရားစခန်းတွင် ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၁၆ရက် (စနေနေ့)ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရဏ်ဆွမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

## အနိုင်ဂိုးသွင်းသူ ပီတာခရေ့ချ်အား အင်္ဂလန်နည်းပြ မက်ကလာရင် ချီးကျူး

**လန်ဒန် စက်တင်ဘာ ၈**

အင်္ဂလန်အသင်းသည် ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် မက်ဆီဒိုးနီးယားနှင့်ပွဲ၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည့်ပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သူ ပီတာခရေ့ချ်အား အင်္ဂလန်နည်းပြ မက်ကလာရင်က ချီးကျူးစကား ပြောကြားလိုက်သည်။

**ဂိုးသွင်းကောင်း**

ပီတာခရေ့ချ်သည် ရှေ့တန်း၌ သူလုပ်ရမည့်တာဝန်ကို ကျေကျေပွန်ပွန်လုပ်နေကြောင်း၊ မက်ဆီဒိုးနီးယားနှင့်ပွဲ ပီတာခရေ့ချ် သွင်းသည့် ဂိုးမှာ အလွန်ကောင်းမွန်ကြောင်း ၎င်းက ပြောကြားသည်။

**စဉ်းစားရမည်**

လက်ရှိအချိန်တွင် ပီတာခရေ့ချ်သည် အင်္ဂလန်အသင်းအတွက် အကောင်းဆုံးလုပ်ဆောင်ချက်များဖြင့် အကျိုးပြုလျက်ရှိကြောင်း၊ အခြားဘောလုံးသမားများ အားလုံးလည်း စွမ်းရည်ပြ ကစားနိုင်ကြကြောင်း၊ အင်္ဂလန်အသင်းသည် ခြေစစ်ပွဲအောင်ရုံမျှမက ယူရို၂၀၀၈ ချန်ပီယံဖြစ်ရေးကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ပွဲများရရှိ**

အင်္ဂလန်အသင်းသည် နည်းပြ မက်ကလာရင် လက်ထက်၌ နိုင်ပွဲများရရှိလျက်ရှိသည်။ **(အင်တာနက်)**



အင်္ဂလန်နည်းပြ မက်ကလာရင်။



ဒါဘီဂိုးသမား လီကင့်ပ်။

## ဒါဘီဂိုးသမားလီကင့်ပ်အား နော့ဝှစ်သို့ အငှားချမည်

**လန်ဒန် စက်တင်ဘာ ၈**

ဒါဘီဂိုးသမား လီကင့်ပ်ကို နော့ဝှစ်သို့ သုံးလအငှားချရန် ဆက်သွယ်လျက်ရှိကြောင်း နော့ဝှစ်ကလပ်မှ ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

**အစားထိုး**

အင်္ဂလန် အသက် ၂၁နှစ်အောက်အသင်း ဂိုးသမားလည်းဖြစ်သည့် လီကင့်ပ်ကို ဒဏ်ရာရရှိနေသော ဂျို့လီဝစ်နေရာတွင် အစားထိုး တာဝန်ပေးမည်ဖြစ်သည်။ နော့ဝှစ်ဂိုးသမား ဂျို့လီဝစ်သည် ပါးရိုး ဒဏ်ရာရရှိနေမှုကြောင့် ဘောလုံးပွဲများတွင် ပါဝင်မကစားနိုင်ချေ။

**အငှားခေါ်**

အသင်းအတွက်လိုအပ်၍လီကင့်ပ်ကို အငှားခေါ်ခြင်းဖြစ်ကြောင်း နော့ဝှစ်နည်းပြ နီဂယ်ဝေါ်သင်တန်က ပြောကြားသည်။နော့ဝှစ်၏ပထမဂိုးသမားနေရာအတွက် ဂိုးသမား ပေါဂါလာချာကို သတ်မှတ်ထားသော်လည်း လီကင့်ပ်အတွက် အခွင့်အရေးကောင်းများရှိကြောင်း သိရသည်။ **(အင်တာနက်)**

## မစ်ဒယ်ဘရော့ နောက်ခံလူ ရစ်ဂေါ့တ်ဒဏ်ရာရရှိ

**လန်ဒန် စက်တင်ဘာ ၈**

မစ်ဒယ်ဘရော့ နောက်တန်းခံစစ်မှူး ရစ်ဂေါ့တ်သည် ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် ရက်သတ္တပတ်ရှစ်ပတ်ခန့် ကစားနိုင်ဖွယ်မရှိကြောင်း မစ်ဒယ်ဘရော့ ကလပ်က ပြောကြားသည်။

**မတော်တဆ**

အသက် ၂၅ နှစ်အရွယ်နောက်တန်းခံစစ်မှူးရစ်ဂေါ့တ်သည် လေ့ကျင့်ရေးကွင်း၌ မတော်တဆဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ခြေကျင်းဝတ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု မစ်ဒယ်ဘရော့ ကလပ်မှ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

**ထိခိုက်နစ်နာ**

ရစ်ဂေါ့တ်ဒဏ်ရာရရှိခြင်းသည် မစ်ဒယ်ဘရော့အတွက် ထိခိုက်နစ်နာမှုဖြစ်ရကြောင်း၊ ရစ်ဂေါ့တ်သည် အသင်းအတွက် အားကိုးရသည့် ကစားသမားဖြစ်ကြောင်း ယခုဒဏ်ရာရရှိခဲ့သဖြင့် ပွဲစဉ်အချို့တွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း မစ်ဒယ်ဘရော့နည်းပြ ဂါရိတ်ဆော့ဂိတ်က ပြောကြားသည်။ သို့သော် မစ်ဒယ်ဘရော့တွင် နောက်တန်း ခံစစ်မှူးအတွက် စွမ်းရည်ပြည့်ဝသော ဘောလုံးသမားများရှိကြောင်း၊ ၎င်းတို့နှင့်အစားထိုးကစားမည် ဖြစ်ကြောင်းလည်း ဆော့ဂိတ်က ပြောကြားသည်။ **(အင်တာနက်)**

ဒဏ်ရာရနေသည့် ရစ်ဂေါ့တ်။



## မန်ယူမန်နေဂျာ ဖာဂူဆန် သစ္စာဖောက်ခဲ့ တိုက်စစ်မှူး နစ္စတယ်ရွိုင်း စွပ်စွဲပြောကြား

**လန်ဒန် စက်တင်ဘာ ၈**

မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်သည် ကားလင်းဖလားဗိုလ်လုပွဲတွင် မိမိအား အဆင့်နိမ့်ကျ သိက္ခာကျအောင် ထည့်မကစားခြင်းဖြင့် သစ္စာဖောက်ခဲ့ကြောင်း မန်ယူတိုက်စစ်မှူးဟောင်း ရူဗင်နစ္စတယ်ရွိုင်းက ဖာဂူဆန်အား စွပ်စွဲပြောကြားလိုက်သည်။

**ပြောင်းရွှေ့ခဲ့**

အသက် ၃၀ အရွယ်ရှိ နစ္စတယ်ရွိုင်းသည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ငါးနှစ်တာ ကစားခဲ့ပြီး ဂိုး ၁၅၀ သွင်းပေးကာ ဇူလိုင်လက ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

**ကောင်းမွန်ခဲ့**

ဖေဖော်ဝါရီလက ထောင်စုနှစ်ကွင်းကြီး၌ မန်ယူကဝီဂန်ကို လေးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့်တိုင်အောင် ဖာဂူဆန်နှင့် မိမိတို့ ဆက်ဆံရေးမှာ ကောင်းမွန်ခဲ့ကြောင်း နစ္စတယ်ရွိုင်းက ပြောကြားသည်။

ကားလင်းဖလား ဗိုလ်လုပွဲတွင် နစ္စတယ်ရွိုင်းအစား လူးဝစ်ဆာဟာအား မိနစ် ၉၀ အချိန်ပြည့် ထည့်ကစားခဲ့သည်။ ထိုအချိန်က နယ်သာလန်တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် မိနစ် ၉၀ ပြည့်သည့်တိုင်အောင် မျက်နှာငယ်စွာဖြင့် အရန်ခုံတွင် ထိုင်နေခဲ့ရသည်။

ထိုကဲ့သို့ သိက္ခာချခံရသဖြင့် စပိန်သို့ ပြောင်းရွှေ့ရန်အတွက် အဓိကအကြောင်းရင်း ဖြစ်ခဲ့ကြောင်း ဖာဂူဆန်က ဩဂုတ်လက ထုတ်ဖော်ပြောကြားခဲ့သည်။

ကားလင်းဖလား ဗိုလ်လုပွဲကို မိမိ မည်သည့်အခါမျှ မေ့လိမ့်မည်မဟုတ်ကြောင်း နစ္စတယ်ရွိုင်းက ပြောကြားသည်။ **(အင်တာနက်)**



ရီးရဲမက်ဒရစ်ရောက် နစ္စတယ်ရွိုင်း။

ရေးသားတင်ပြသူ

မြင့်မောင်စိုး

## တံတောင်တွက်မှုဖြင့် သက်ချာအား စစ်ဆေးမေးမြန်းနေ

**လန်ဒန် စက်တင်ဘာ ၈**

မန်စီးတီး နောက်တန်းကစားသမားဘင်သက်ချာသည်အခြားကွင်း၌ မတော်တဆ ဖြစ်စဉ်အတွက် ရဲအဖွဲ့၏ စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရသည်။

**စစ်ဆေး**

သက်ချာသည် ဖေဖော်ဝါရီလက အရန်အသင်းနှင့် ကစားစဉ် တံတောင်နှင့် တွက်ခဲ့ကြောင်း ရက်ချ်ဝက်ချ်၏ တိုင်တန်းလာခြင်းကို စစ်ဆေးနေကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဘလက်ဘန်း ကစားသမားဟောင်း ရက်ချ်ဝက်ချ်သည် ထိုစဉ်က မျက်နှာဒဏ်ရာများရပြီး ကွင်းထဲမှ ထွက်သွားခဲ့ရသည်။

**ဒဏ်ရိုက်**

သက်ချာသည် ဩဂုတ်လက ပို့စ်မောက် ကစားသမား ပီဒရိုမန်ဒက်စ်အား လူချကစားခဲ့၍ ၎င်း၏ ကလပ်အသင်းမှ ပွဲခြောက်ပွဲပိတ်ပင်ပြီး ပေါင် ၁၂၀၀၀ ဒဏ်ရိုက်လိုက်သည်။

ထိုကဲ့သို့ ကြမ်းတမ်းစွာ ကစားမိသည့်အတွက် သက်ချာက မန်းဒက်စ်ထံ စာရေး၍ တောင်းပန်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



တံတောင်တွက်မှုဖြင့် စစ်ဆေးခံနေရသော သက်ချာ။

## တော့တင်ဟမ် ကွင်းလယ်ကစားသမားသစ် ဒဏ်ရာကြောင့် နှစ်လကြာ အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၈**

တော့တင်ဟမ်အသင်းမှ အသစ်စာချုပ်လိုက်သော စတီးဒ်မဲလ်ဘရန့်သည် အူကျွနာ ခွဲစိတ်ထားသဖြင့် နှစ်လကြာ အနားယူရလိမ့်မည်ဖြစ်သည်။

**ခွဲစိတ်ခဲ့**

အသက် ၂၆နှစ်အရွယ်ရှိ အဆိုပါကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် သီတင်းပတ်က ဖူလ်ဟမ်မှ ပေါင်နှစ်သန်းဖြင့် စာချုပ်ခဲ့ပြီးနောက် အူကျွနာရောဂါကို ခွဲစိတ်ခဲ့ရကြောင်း စပါးစ်အသင်းနည်းပြ မာတင်ဂျိုလ်က အတည်ပြုပြောကြားသည်။

**နှစ်လခန့်**

၎င်းကွင်းလယ်ကစားသမားသည် နှစ်လခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း အဆိုပါနည်းပြက ပြောကြားသည်။

ထိုအတောအတွင်း တိုက်စစ်မှူး ဘာဘာတော့ဗ်သည်လည်း ပေါင်ခြံဒဏ်ရာရထား၍ မန်ယူနှင့် ကစားမည့် စနေနေ့ပွဲစဉ်တွင် လွဲဖွယ်ရှိသည်။ **(အင်တာနက်)**

စတီးဒ်မဲလ်ဘရန့်။





## စပိန်အသင်းနည်းပြနုတ်ထွက်ရန် ဖိအားပေး

**မက်ဒရစ် စက်တင်ဘာ ၈**

ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် မြောက်အိုင်ယာလန်အသင်းအား ရှုံးနိမ့်ခဲ့ရသည့်အတွက် စပိန်အသင်း နည်းပြ လူးဝစ်အာရာဂူးနက်စ်ရာထူးမှ နုတ်ထွက်ရန် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။

စပိန်သတင်းစာ မာကာက ပြုလုပ်သည့် လူထုသဘောထား ကောက်ယူချက်အရ စပိန်ဘောလုံး ပရိသတ် တစ်သိန်းခန့်တို့အနက် စပိန်နည်းပြ နုတ်ထွက်ရန် ၈၀ရာခိုင်နှုန်းက ဖော်ပြခဲ့ကြသည်ဟုဆိုသည်။

အသက် ၆၈နှစ်အရွယ်ရှိ အာရာဂူးနက်စ်၏ စပိန်အသင်း မြောက်အိုင်ယာလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခြင်းမှာ စပိန်ပရိသတ်၏ မျှော်လင့်ချက်များကို ပျက်စီးစေကြောင်းလည်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

# မြန်မာနိုင်ငံအနေဖြင့် အိုင်အိုဒင်းချို့တဲ့မှုပပျောက်သည့်နိုင်ငံအဖြစ် ကြေညာနိုင်တော့မည် အိုင်အိုဒင်းချို့တဲ့မှုအန္တရာယ်ကို ပြည်သူများသိရှိနားလည်အောင် ပညာပေးဆောင်ရွက် ကျန်းမာရေးအထောက်အကူပြု နေထိုင်စားသောက်မှုအလေ့အထများထွန်းကားလာရန်ကြိုးပမ်း အိုင်အိုဒင်းဆားကို လိုလိုချင်ချင်စားသုံးလာအောင် အာဟာရပဟုသုတပညာပေးဖြန့်ဖြူး

နေပြည်တော် စက်တင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✡



အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများကို တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အားကစားအဆင့်အတန်းတိုးတက်မြင့်မားမှု နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးသကဲ့သို့ အောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုဖော်ညွှန်း မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်အောင်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■

**မဒေါက်မြို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ရန်ကုန် စက်တင်ဘာ ၈

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)





**အမှာစကားပြောကြား**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁) နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

9-9 (20) 1 9/9/06, 1:34 AM